ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ ကဆုန်လကွယ်၊ အင်္ဂါနေ့ (3-6-2008) (၅၆၉၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဧရာဝတီတိုင်း လေဘေးသင့်ဒေသများတွင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုမှာကြား ကျိုက်လတ်မြို့၊ ဖျာပုံမြို့၊ စက်ဆန်းနှင့် ကဒုံကနီကယ်ဆယ်ရေးစခန်းတို့ကို လှည့်လည်ကြည့်ရှု လေဘေးသင့်မိသားစုများအား တွေ့ဆုံပြီး ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် အစီအမံများကို ရှင်းလင်းပြောကြားအားပေး

ကြည့်ရှုအားပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ဖျာပုံမြို့၌ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများအား ဆေးကုသပေးနေမှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများတွင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးရန် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်လှိုင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဇွန် ၁ရက် နံနက် ၈နာရီ မိနစ် ၂၀ တွင် ရဟတ်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ဧရာဝတီတိုင်း ကျိုက်လတ်မြို့သို့ ရောက်ရှိသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ ၊ ဖျာပုံခရိုင်အတွင်းရှိ ကျိုက်လတ်မြို့နယ်နှင့် ဖျာပုံမြို့နယ် ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အနီးကပ် ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်တို့နှင့်အတူ ကျိုက်လတ်မြို့တွင်းလမ်းများ မူလအနေအထား ရောက်ရှိပြီး သွားလာနိုင်နေမှု၊ ရပ်ကွက်အလိုက် နေအိမ်များပြုပြင်ပြီးစီးမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ကျိုက်လတ်မြို့ ရွှေရတုခန်းမ၌ ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က လေမုန်တိုင်းတိုက်ခတ်မှုကြောင့် ကျိုက်လတ်မြို့နယ်အတွင်း ထိခိုက်ပျက်စီးဆုံးရှုံးမှုများ၊ နေအိမ်များ၊ ရုံးများ၊ ဆေးရုံနှင့် ကျောင်းများ မူလအနေအထားရောက်ရှိအောင် ပြင်ဆင်ဆောင်ရွက်ချက်များ၊ မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ညှိနှိုင်းစီစဉ်ထားမှုများ၊ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းဖြန့်ဖြူးပေးမှုများ၊ မြို့ရေပေးရေးလုပ်ငန်း ဆောင်ရွက်နိုင်မှုများ၊ လေဘေးကြောင့်နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများ မဖြစ်ပွားရအောင် ထိန်းသိမ်းထားနိုင်မှုများ၊ တယ်လီဖုန်းဆက်သွယ်ပြောဆိုနိုင်ရေးစီစဉ်ဆောင်ရွက်ချက်များ၊ လျှပ်စစ်မီးရရှိမှုအခြေအနေများ၊ ရေလမ်းဖြင့်သာမက ကျိုက်လတ်-မအူပင်-ရန်ကုန် ကားလမ်းအတိုင်း ရန်ကုန်မြို့သို့ လွယ်ကူစွာသွားလာဆက်သွယ်နိုင်မှုများ၊ ကျိုက်လတ်မြို့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ဂိုးလ်ဒင်းဖလားဝါးကုမ္ပဏီနှင့် မိသားစုကုမ္ပဏီတို့က ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက သိရှိလိုသည်များကို ထပ်မံမေးမြန်းပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ကျိုက်လတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အဆောက်အအုံကို ဝင်ရောက်ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ကြပြီး အမျိုးသားလူနာနှင့် အမျိုးသမီးလူနာများအား ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် မြို့နယ်ဆရာဝန်နှင့်ဆရာဝန်များ၊ သူနာပြုများ၊ တာဝန်ရှိသူများအား နှုတ်ဆက်အားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည်

စာမျက်နှာ ၄ ကော်လံ ၁ သို့

ကြေးမုံ The Mirror

၃-၆-၂၀၀၈
(အင်္ဂါနေ့)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိုးစပါး ရာသီချိန်အမီ စိုက်ပျိုးနိုင်ရေး မျိုးစပါးနှင့် ကျွဲ၊ နွားများပံ့ပိုးကူညီ

မြန်မာနိုင်ငံအတွင်း မေလဆန်းပိုင်းက တိုက်ခတ်ခဲ့သော လေမုန်တိုင်းဒဏ်ကြောင့် ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် မွန်ပြည်နယ်တို့အတွင်းရှိ စိုက်ပျိုးမြေအများအပြား ရေလွှမ်းမိုးခံရသည့်အပြင် စိုက်ပျိုးမြေကေ အများအပြားမှာလည်း ပင်လယ်ရေငန်များ ဝင်ရောက်ခံခဲ့ရသည်။ ထို့အတူ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့မှ ခိုင်းကျွဲ၊ ခိုင်းနွားများလည်း သေကျေဆုံးရှုံးခဲ့ကြောင်း သိရသည်။

ယခုအခါ မုန်တိုင်းဒဏ်သင့်ဒေသများ၌ လယ်ယာမြေများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ အသင်းအဖွဲ့များ၊ ပြည်တွင်း၊ ပြည်ပ စေတနာရှင်၊ အလှူရှင်များက ငွေကြေးနှင့် လိုအပ်သည့်ပစ္စည်းများကို ဝိုင်းဝန်းပံ့ပိုးကူညီလျက်ရှိသည်။

မုန်တိုင်းကြောင့် ပျက်စီးခဲ့ရသည့် ဧရာဝတီတိုင်းရှိ လယ်ယာမြေများအတွက် ရခိုင်ပြည်နယ် ဘူးသီးတောင်၊ စစ်တွေ၊ မင်းပြား၊ ကျောက်ဖြူ၊ ရမ်းဗြဲမြို့နယ်တို့မှ ရေငန်ဒဏ်ခံမျိုးစပါးတင်း တစ်သိန်းကျော်ကို ပေးပို့သွားမည်ဖြစ်ရာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးက တောင်ကုတ်မြို့အထိ အခမဲ့သယ်ယူပေးလျက်ရှိပြီး သက်ဆိုင်ရာဒေသများအရောက် ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်သည်။ ထို့အတူ ရခိုင်ပြည်နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တပ်မတော်သားမိသားစုများက အလှူငွေကျပ်သိန်းသုံးရာကျော်နှင့် စားသောက်ကုန်များ၊ ဆေးဝါးပစ္စည်းများနှင့် ရေငန်ဒဏ်ခံမျိုးစပါး၊ ခိုင်းနွားအကောင် ၆၀ နှင့် ဝါးအလုံး ၅၀၀၀၀ ကျော်တို့ကို လှူဒါန်းပေးပို့ခဲ့ပြီးဖြစ်သည်။

ထို့အပြင် စက်မှုလယ်ယာဦးစီးဌာနနှင့် ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၊ စက်မှုဇုန်များကလည်း လေဘေးသင့်ဒေသများရှိ လယ်ယာလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရန် လက်တွန်းထွန်စက်များကို ပေးပို့လှူဒါန်းလျက်ရှိသည်။ ယင်းသို့ ပေးပို့ရောက်ရှိလာသည့် ရေငန်ဒဏ်ခံမျိုးစပါးများကို ဧရာဝတီတိုင်းအတွင်းရှိ လပွတ္တာ၊ ငပုတော မြို့နယ်နှင့် ဘိုကလေးမြို့နယ်တို့အတွင်းရှိ ကျေးရွာများအရောက် ပေးပို့နေပြီဖြစ်သည်။

ယခုအချိန်သည် မိုးရာသီစိုက်ပျိုးချိန်အမီ လယ်ယာလုပ်ငန်းခွင် စတင်ဝင်ရောက်ကြရမည့် အချိန်ဖြစ်ရာ နိုင်ငံတော် အစိုးရနှင့်အတူ ပြည်တွင်း၊ ပြည်ပ စေတနာရှင်၊ အလှူရှင်များက လယ်ယာသုံး ပစ္စည်းများ၊ မျိုးစပါး၊ ခိုင်းကျွဲ၊ ခိုင်းနွားများနှင့် စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များကို ဝိုင်းဝန်းပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးမှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ အချိန်မီ ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါသည်။ ။

ပေးအပ်လှူဒါန်း

မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌပါမောက္ခဒေါက်တာသာလှရွှေ မအူပင်မြို့နယ် ပြည်သူ့ဆေးရုံတွင် တက်ရောက်ဆေးဝါးကုသမှု ခံယူနေကြသည့် လေဘေးသင့်ပြည်သူများအတွက် ဆေးဝါးနှင့် စားသောက်ဖွယ်ရာများ မေ ၃၁ ရက်က ပေးအပ်လှူဒါန်းစဉ်။

(သတင်းဖော်ပြပြီး) (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

ရန်ကုန် ဇွန် ၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E.Mr.Turki Bin Naji Abdul Kadir Al Ali သည် ဇွန် ၁ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ယုဇနဂေဟာ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် မုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ဆောင်ရွက်နေသည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဓာတ်မြေဩဇာများ ဖြည့်ဆည်းနိုင်ရေးနှင့် နှစ်နိုင်ငံလယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E Mr. Turki Bin Naji Abdul Kadir Al Ali လာရောက်တွေ့ဆုံစဉ်။ (လယ်/ဆည်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဗဟိုလေ့ကျင့်ရေးကျောင်းဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ် (၆၂/၂၀၀၇) သင်တန်းဆင်းပွဲတွင် ဆုရကျောင်းသားတစ်ဦးအား ဆုချီးမြှင့်စဉ်။

(ပြည်ထဲရေး)

ဒုတိယရဲအုပ်လောင်းသင်တန်း ဆင်းပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးကျောင်း ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ် (၆၂/၂၀၀၇)သင်တန်းဆင်းပွဲအခမ်းအနားကို မေ ၃၁ ရက် နံနက် ၇ နာရီတွင် မန္တလေးတိုင်း၊ ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ ဗဟိုလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲရေးချုပ် ရဲမှူးချုပ်စိုးဝင်းမြင့်၊ ဗဟိုလေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီး ရဲမှူးချုပ် သိန်းတင့်၊ စီမံရေးနှင့်လေ့ကျင့်ရေးဌာန ညွှန်ကြားရေးမှူး ရဲမှူးကြီး ဝင်းခေါင်၊ ရဲအရာရှိကြီးများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား ဒုတိယရဲအုပ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်းက ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကို ခံယူ၍ တပ်ခွဲများကို စစ်ဆေးပြီး ဒုတိယရဲအုပ်လောင်းတပ်ခွဲများ၏ အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် ဒုတိယရဲချုပ်က အကောင်းဆုံးကျောင်းသားဆုရ ကျောင်းသားအမှတ် (၅၅) ဒုတိယရဲအုပ်လောင်း ရဲမျိုးဝင်းဇော်၊ လေ့ကျင့်ရေးထူးချွန်ဆုရ ကျောင်းသားအမှတ်(၁၂၅) ဒုတိယရဲအုပ်လောင်း ထက်လင်းအောင်၊ ဥပဒေဘာသာရပ်ထူးချွန်ဆုရ ကျောင်းသားအမှတ် (၅၅) ဒုတိယရဲအုပ်လောင်း ရဲမျိုးဝင်းဇော်၊ အင်္ဂလိပ်စာဘာသာရပ် ထူးချွန်ဆုရကျောင်းသားအမှတ် (၅၆) ဒုတိယရဲအုပ်လောင်း မြတ်သူရွှေ၊ ကွန်ပျူတာဘာသာရပ် ထူးချွန်ဆုရ ကျောင်းသားအမှတ် (၁၀၁) ဒုတိယရဲအုပ်လောင်း ရဲမင်းထွေးတို့အား ဆုများကို ချီးမြှင့်ပြီး အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၂၀၃ ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် အလှူငွေများဆက်လက်လှူဒါန်း

ရန်ကုန် ဇွန် ၂

မုန်တိုင်းသင့် ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ဆက်လက် လှူဒါန်းလျက်ရှိရာ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် (ရန်ကုန်ရုံးခွဲ) အလှူငွေလက်ခံရာဌာနသို့ လာရောက်လှူဒါန်းသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

ဇွန် ၁ ရက်တွင် လှူဒါန်းကြသော အလှူရှင်များမှာ ဦးအောင်သန်း အခွန်ဦးစီးမှူး (ငြိမ်း)နှင့် ဒေါ်တင်တင်ဝင်း MOGE (ငြိမ်း)မိသားစု သုဝဏ္ဏမြို့နယ်က ငွေကျပ် တစ်သိန်း၊ ဒေါ်သောင်းသောင်းစိုးမိသားစုအောင်ဆန်းအားကစားပြိုင်ကွင်းက ငွေကျပ်တစ်သိန်း၊ စံပါယ်ပလတ်စတစ်မိသားစု လှိုင်မြို့နယ်က ငွေကျပ် ၆၅၈၅၀၀၊ ကိုမျိုးနိုင် (ခေတ္တ-ဗန်ကောက်) အနောက်ရန်ကင်းက ငွေကျပ်နှစ်သောင်း၊ ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၈)အရာရှိများကငွေကျပ် ခုနစ်သိန်း၊ Mr.Masaaki Shiraishi က အမေရိကန်ဒေါ်လာ ၃၀၀ တို့ဖြစ်သည်။

ဇွန် ၁ ရက်က လက်ခံရှိသည့် အလှူငွေ စုစုပေါင်းမှာ ငွေကျပ် ၁၅၇၈၅၀၀နှင့် အမေရိကန်ဒေါ်လာ ၂၀၃၀၀ တို့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လေဘေးသင့်ခံရသည့် ကွမ်းခြံကုန်းမြို့နယ်မှ ကမာပါကျေးရွာ လယ်ယာလုပ်ငန်းများ စတင်နေပြီး စက်ကိရိယာများဖြင့် ထွန်ယက်နေ

သတင်းဆောင်းပါး
မောင်မောင်မြင့်ဆွေ

မြန်မာနိုင်ငံကို မုတ်သုံဝင်ပြီဖြစ်သည်။ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ လေဘေးသင့်ခံရသည့် တောင်သူလယ်သမားများအနေဖြင့် ထွန်ယက်မှုလုပ်ငန်းများ စတင်နေကြပြီဖြစ်သည်။

ထို့ကြောင့် လေဘေးသင့်ဒဏ်မှ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေသည့် ကွမ်းခြံကုန်းမြို့နယ် ကမာပါရွာ၏ လယ်ယာလုပ်ငန်းခွင် စတင်နေမှုကို မြဝတီရုပ်မြင်သံကြားထုတ်လွှင့်မှုမှ တွေ့မြင်ခဲ့ရသည်။

ကမာပါရွာတွင် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းစတင်လုပ်ကိုင်နေမှုနှင့်ပတ်သက်ပြီး ကမာပါရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇင်သန့်က ပြောကြားရာတွင် **"ကမာပါရွာမှာ လယ်ယာစိုက်ဧက ၁၀၄၅ ဧကရှိပါတယ်။ လေဘေးသင့်ခံခဲ့ရပေမယ့်အခုအချိန်မှာ တောင်သူတွေလယ်ယာလုပ်ငန်းခွင်ပြန်ဝင်နေကြပါပြီ၊ ဒီနှစ်က အရင်နှစ်တွေထက်တောင် ပိုစောပြီး ထွန်ယက်စိုက်ပျိုးမှု ပိုလုပ်နိုင်ပါတယ်'** ဟု ပြောကြားသည်။ ကမာပါကျေးရွာအပြင်ဘက် လယ်ကွင်းများအတွင်း၌ လယ်ယာသုံးစက်ကိရိယာများဖြင့် စုပေါင်းထွန်ယက်စိုက်ပျိုးနေကြသည်ကို တွေ့မြင်ရသည်။ လယ်ယာသုံးစက်ကိရိယာများကြောင့် ထယ်ရေးလုပ်ငန်းများ မြန်ဆန်စွာ ပြီးစီးနိုင်သည်ကို တွေ့မြင်ရသည်။

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ကွမ်းခြံကုန်း မြို့နယ်မန်နေဂျာ ဦးစိုးမြင့်ကလည်း ကမာပါကျေးရွာ လယ်ယာလုပ်ငန်းခွင်အရှိန်မပြတ်ဆောင်ရွက်ရေး ကူညီဖြည့်ဆည်းပေးမှုနှင့်ပတ်သက်၍ ရှင်းပြရာတွင် **"ပထမဆုံးအနေနဲ့ တစ်မိုးနှစ်သီးစိုက်ပျိုးမှု စတင်နေပါပြီ။ အခုထယ်ရေးလုပ်ငန်းတွေ စတင်နေတာဟာ လေဘေးသင့်ခံရတဲ့တောင်သူတွေအတွက် အေးရှားဝေါလ်ကုမ္ပဏီက လှူဒါန်းတဲ့ ထွန်စက်အစီး ၂၀၊ နိုင်ငံတော်က ပေးလှူထားတဲ့ထွန်စက် အစီး ၇၀ စုစုပေါင်း ထွန်စက်အစီး ၉၀နဲ့လုပ်ငန်းခွင်စတင်နေတာပါ။ မျိုးစပါးတွေလည်း ရရှိထားပါတယ်။လိုအပ်ရင် ရန်ကုန်တိုင်းအတွင်းမှာရှိတဲ့ အခြားမြို့နယ်တွေက မျိုးစပါးတွေယူပြီး ဖြည့်ဆည်းသွားမှာပါ။ တစ်မိုးနှစ်သီး စပါးမျိုးတွေဖြစ်တဲ့ ရတနာအောင်နဲ့သီးထပ်ရင်စပါးတွေလည်းအသင့်ရှိနေပါတယ်။ အခုလောလောဆယ်မှာတော့ မျိုးစပါးတင်းပေါင်း သုံးသောင်းခန့်ရရှိနိုင်ပါတယ်။ ဒါကြောင့် မျိုးစပါးတွေ အနေနဲ့လုံလောက်စွာရှိနေပါတယ်"**ဟု ပြောကြားသည်။

တစ်မိုးနှစ်သီး လယ်ယာစိုက်ပျိုးမှုသည် ပုံမှန် ဆန်စပါးစိုက်ပျိုးထွက်ရှိမှုမတိုင်ခင် တောင်သူများ၏ ဝမ်းစာရရှိနိုင်သည့် အနေအထားရှိသည်။ လေဘေးသင့်ခံရမှုကြောင့် ရေငန်များဝင်ရောက်ခဲ့မှုနှင့် ပတ်သက်၍လည်း **"ဒီဒေသမှာ မုန်တိုင်းမဝင်ခင် နှစ်ရက်အလိုမှာ မိုးတွေအရမ်းရွာခဲ့ပါတယ်။ မိုးရေချိန် ၁၁ လက်မခန့်အထိ ရွာသွန်းခဲ့တာမို့ မုန်တိုင်းကြောင့် ရေငန်တွေဝင်ပြီး ပြန်ထွက်သွားတဲ့အခါ ရေချိုရေငန်ရောပြီး အကုန်ပါသွားခဲ့တာမို့ ကျွန်တော်တို့မြေတွေကိုယူပြီး စစ်ဆေးကြည့်တဲ့အခါ ရေငန်မစိမ့်ဝင်ခဲ့တာမို့ အခုလိုချက်ချင်းပြန်စိုက်ပျိုးနိုင်ခြင်း ဖြစ်ပါတယ်။ နိုင်ငံတော်ကလဲ မြေဩဇာဖြည့်ဆည်းပေးနေလို့ ကွမ်းခြံကုန်းမြို့နယ်အတွင်းမှာရှိတဲ့စိုက်ဧက၁၀၂၉၀ဟာ အကုန်စိုက်ပျိုးနိုင်မှာဖြစ်ပါတယ်။ နိုင်ငံတော်နဲ့ ကုမ္ပဏီတွေက ပံ့ပိုးပေးနေလို့ မနှစ်ကထက် စပါးပိုမိုထွက်ရှိမယ်လို့မျှော်လင့်ပါတယ်"** ဟု ကွမ်းခြံကုန်းမြို့နယ် စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးစိုးမြင့်က ရှင်းပြသည်။

ကွမ်းခြံကုန်းမြို့နယ် ကမာပါရွာ လယ်ကွင်းများအတွင်း၌ လယ်ယာသုံးစက်ကိရိယာများနှင့် စုပေါင်းထွန်ယက်နေစဉ်။

ယခုအခါ ကွမ်းခြံကုန်းမြို့နယ်နှင့် ကမာပါကျေးရွာတွင် ဆားငန်ရေတားတမံ၊ ရေတံခါး၊ ရေကာတာ၊ ရေကျော်တမံများ ပြုလုပ်ဆောင်ရွက်နေပြီး အချို့ရေဝပ်နေရာများ၌ ရေစုပ်စက်များကို နိုင်ငံတော်က ကူညီထောက်ပံ့ ဖြည့်ဆည်းပေးထားကြောင်းသိရသည်။

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ကမာပါစခန်းမှ ဒုကြီးကြပ်ရေးမှူး ဒေါ်သန်းသန်းဆင့်ကလည်း **"ကမာပါကျေးရွာမှာအရင်နှစ်တွေကဒီအချိန်ဆိုမထွန်ယက်နိုင်ကြသေးပါဘူး။အခုအချိန်မှာတော့သက်ဆိုင်ရာတို့က ပံ့ပိုးကူညီလို့ ထွန်ယက်စိုက်ပျိုးမှုတွေ စတင်နေပါပြီ။ တစ်မိုးနှစ်သီးကို ဒီရွာမှာ ဧက ၁၀၀ စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ စိုက်ဧကတိုးပြီး စိုက်ပျိုးနေလို့ ဒီနှစ်မှာစပါးအထွက်လဲတိုးလာမှာဖြစ်ပါတယ်ထွန်စက်တွေကိုလဲရောက်တာနဲ့ချက်ချင်းတပ်ဆင်ပြီးတောင်သူတွေလက်ထဲ အမြန်ဆုံးရောက်အောင်၊ မြန်မြန်ထွန်ယက်နိုင်အောင်နဲ့ မျိုးစပါးတွေမြန်မြန်ချနိုင်အောင် ဆောင်ရွက်ပေးနေပါတယ်။ ကမာပါကျေးရွာမှာ တောင်သူ၁၁၆ဦးရှိပြီး အားလုံးလုပ်ငန်းခွင် စတင်ဝင်ရောက်နေပြီဖြစ်တာမို့ အချိန်မီထွန်တုံးပိတ်နိုင်မှာပါ"** ဟု ပြောကြားသည်။

ကမာပါကျေးရွာအနေဖြင့် လက်ရှိလယ်ယာလုပ်ငန်းဆောင်ရွက်မှုအတိုင်းဆိုလျှင် ယခင်နှစ်ကထက်အထွက်တိုးနိုင်မည်ဖြစ်ရာ ဆန်စပါးစိုက်ပျိုးမှုလုပ်ငန်းအထိအခိုက်၊ အဟန့်အတားမရှိ အောင်မြင်မှုရရှိနိုင်မည်ဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

မေ ၃၀ ရက်က Mo ASIA CO.,Ltd (DUMEX) မှ မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးသို့ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် ကလေးဆောင်နှင့် စာသင်ဆောင်(၁) ပြုပြင်ရန် ငွေကျပ်ငါးသိန်းနှင့် နို့မှုန့်တန်ဖိုး ငွေကျပ်ခြောက်သိန်းဖိုး စုစုပေါင်းငွေကျပ် ၁၁သိန်းကို ဒေါ်ဖြူတီကြည်က ဆေးရုံအုပ်ကြီး ဒေါက်တာချစ်ကိုတင်သို့ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းက စိုက်ပျိုးရေးဆိုင်ရာပစ္စည်းများ လှူဒါန်းမည်

ရန်ကုန် ဇွန် ၂

လေဘေးသင့်တောင်သူများ၏ ပျက်စီးဆုံးရှုံးသွားသည့် စိုက်ခင်းများ ပြန်လည်ထူထောင်ရေးအတွက် လိုအပ်သည့်ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံမျိုးစေ့များ၊ ပျိုးပင်၊ ဓာတ်မြေဩဇာများ၊ စိုက်ပျိုးရေးသုံးပစ္စည်းများ စသည့် သွင်းအားစုများကို မြန်မာနိုင်ငံသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းက လေဘေးဒဏ်ခံရသည့်နေရာဒေသများသို့ သွားရောက်လှူဒါန်းမည်ဖြစ်သည်။

အသင်းဝင်များ၊ အသင်းဝင်ကုမ္ပဏီများနှင့် ပြင်ပမှ စေတနာရှင်များသည် မျိုးစေ့၊ ပျိုးပင်၊ ဓာတ်မြေဩဇာနှင့် စိုက်ပျိုးရေးသုံး ပစ္စည်းများကို ပါဝင်လှူဒါန်းလိုပါက မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း ဖုန်း-၅၁၄၂၂၆ အဆောင်(A) (၆)လွှာ ဒဂုံစင်တာ အမှတ်(၂၆၂/၂၆၄)ပြည်လမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများလှူဒါန်းနိုင်

ရန်ကုန် ဇွန် ၂

မုန်တိုင်းဒဏ်ခံခဲ့ရသော ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပမှ အလှူရှင်များအနေဖြင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက အောက်ပါနေရာများတွင် ဆက်သွယ်လှူဒါန်းနိုင်သည်-

ဆက်သွယ်လှူဒါန်းနိုင်

အလှူငွေများကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စက်မှုလမ်း အမှတ် ၁၆/က ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ ဖုန်း-၀၉-၈၆၀၀၁၀၉ နှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်း ဖုန်း-၀၉-၈၆၀၀၁၀၂၊ ညွှန်ကြားရေးမှူး ဦးမောင်မောင် ဖုန်း-၀၁-၅၄၃၇၅၇၊ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းတင် ဖုန်း-၀၁-၅၄၃၇၆၅တို့သို့ဆက်သွယ်၍တိုက်ရိုက်သော်လည်းကောင်း၊ လူကိုယ်တိုင် လာရောက်၍သော်လည်းကောင်း လှူဒါန်းနိုင်ပါသည်။

အလှူပစ္စည်းများကို ရန်ကုန်မြို့ မရမ်းကုန်း မြို့နယ် စွယ်တော်မြတ်စေတီအနီး မီးသတ်ဦးစီးဌာန (ရုံးချုပ်) ရှိလူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် ဖုန်း-၀၉-၈၆၀၀၀၂၆၊ မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားအနီး ကုန်သွယ်ရေးဂိုဒေါင်ရှိ ဦးသန်းဦး (ညွှန်ကြားရေးမှူးချုပ်၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန)ဖုန်း-၀၉-၈၆၀၀၀၂၅၊ ၀၉-၈၆၀၀၅၂၆ နှင့် ဦးအောင်ထွန်းခိုင် (ခေတ္တညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန) ဖုန်း-၀၉-၈၆၀၀၇၀၂ နှင့် ၀၉-၈၆၀၁၀၀၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃-၆-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၁၅	၄။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၃၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၂၅	၇။	မြန်မာသံစဉ်ချိုနားဝင်
၅း၃၅	၈။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၅၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	ဝတ်စားဆင်ယင်လှစေချင်
၆း၄၅	၁၄။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ပျော်ရွှင်ပါစေ (အပိုင်း-၂၉)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေး တေးကဗျာ
	၁၉။	မွေးမြူသုတ
	၂၀။	ဗီစီဒီကျော်ကြားတေးများ
	၂၁။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဆန့်ကျင်ဘက်နှလုံးသား (အပိုင်း-၁၄)
	၂၃။	သင့်အတွက်မနက်ဖြန်
	၂၄။	အပိတ်နှုတ်ဆက်စကား
	၂၅။	ပြီးပါပြီ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကျိုက်လတ်မြို့နယ် ပြည်သူ့ဆေးရုံတွင် လူနာများအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

○ ရှေ့ဖုံးမှ

ကျိုက်လတ်မြို့နှင့် မြို့မဈေး ပတ်ဝန်းကျင်တို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြပြီး ဒေသခံပြည်သူများအား အားပေးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဖျာပုံမြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြပြီး ရှေးဦးစွာ ဖျာပုံမြို့မူလအနေအထားရောက်ရှိနေမှုများနှင့် ဖျာပုံတံတားကိုမော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ဖျာပုံတံတားအနီး မြေကွက်လပ်နေရာ၌ ခွဲစိတ်အထူးကု ဆရာဝန် ဒုတိယဗိုလ်မှူးကြီး အောင်မြတ်ကျော် ဦးစီးသည့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများအား ရွက်ဖျင်တဲများဖြင့် ဆေးကုသပေးနေမှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အိန္ဒိယသမ္မတနိုင်ငံ ဆေးအကာအကွယ်ပေးရေး အဖွဲ့ဝင်များ၏ ရဟန်းသံဃာများ အပါအဝင် ဒေသခံများအား ဆေးကုသပေးနေမှုများကို လှည့်လည်ကြည့်ရှုကာ အဖွဲ့ခေါင်းဆောင် Dr. Batra နှင့် တာဝန်ရှိသူများအား နှုတ်ဆက်သည်။

မှာကြား

ထို့နောက် ယာယီရှင်းလင်းဆောင်၌ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က လေဘေးသင့်ဒေသများ၌ ဆေးအကာအကွယ်ပေးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဖျာပုံမြို့ခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံရာ ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က ဖျာပုံမြို့နယ်အတွင်း မုန်တိုင်းတိုက်ခတ်မှုနှင့် ပျက်စီးဆုံးရှုံးမှုများ၊ မိုးစပါး အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ဖြည့်ဆည်းစီမံထားရှိမှုများ၊ လေဘေးသင့်ပြည်သူများအတွက်ရရှိသည့် အလှူငွေ၊ ထောက်ပံ့ပစ္စည်းများနှင့် ဖြန့်ဖြူးပေးမှုများ၊ ယုဇနကုမ္ပဏီ၊ ဒဂုန်အင်တာနေရှင်နယ် လီမိတက်၊ ပြည့်ဖြိုးကျော်ကုမ္ပဏီတို့က ဖျာပုံမြို့နယ်အတွင်းရှိ လေဘေးသင့်ပြည်သူများအတွက် ပံ့ပိုးဖြည့်ဆည်းပေးနေမှုများနှင့် ဖျာပုံမြို့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဖျာပုံမြို့ သောက်သုံးရေရရှိရေးဆောင်ရွက်ထားနိုင်မှုများ၊ တယ်လီဖုန်းဆက်သွယ်မှု စနစ်ကောင်းမွန်အောင် ဆောင်ရွက်ပြီးစီးမှု၊ လျှပ်စစ်မီးပြန်လည်ရရှိမှု၊ ဆန်စက်များ ပြန်လည်လည်ပတ်ကြိတ်ခွဲထုတ်လုပ်နေမှုအခြေအနေများ၊ ရေယာဉ်ခရီး၊ ကားလမ်းခရီးတို့ဖြင့် ပုံမှန်ပြန်လည်ဆက်သွယ်သွားလာနိုင်မှုများကို ဗီဒီယိုဆလိုက်များဖြင့် ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ရှင်းလင်းပြသ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ရေလုပ်သားများ၏ဘဝ ပြန်လည်ထူထောင်ရေးအတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့ ပေါင်းစပ်ပံ့ပိုး ဖြည့်ဆည်းပေးသွားမည့် လုပ်ငန်းခွင်သုံး ငါးဖမ်းကိရိယာများကို ရှင်းလင်းပြသသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဖျာပုံမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီး ပြန်လည်ပြုပြင်ပြီးစီးမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ခုတင် (၂၀၀)ဆံ့ ဆေးရုံအဖြစ် **စာမျက်နှာ ၅ ကော်လံ ၁ သို့** ✧

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဖျာပုံမြို့၌ တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများအား ဆေးကုသပေးနေမှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ဖျာပုံမြို့နယ် ကဒုံကနီကျေးရွာမှ ရွာသူရွာသားများအား တွေ့ဆုံနှုတ်ဆက်အားပေး၍ ဒေသခံများအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် အစီအမံများကို ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ဘိုကလေးမြို့နယ်ရှိ စက်ဆန်းကယ်ဆယ်ရေးစခန်း၌ လေဘေးသင့် မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။

(သတင်းစဉ်)

✧ စာမျက်နှာ ၄ မှ

အဆင့်မြှင့်တင်ရာ၌ ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီက ဆောက်လုပ်လှူဒါန်းသွားမည့် ဆေးရုံအဆောက်အအုံအတွက် ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းများကို တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ဘိုကလေးမြို့နယ်ရှိ စက်ဆန်းကယ်ဆယ်ရေးစခန်းသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် စက်ဆန်းကယ်ဆယ်ရေးစခန်း၌ ဒေသခံများအား ဆေးဝါးကုသပေးလျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအား နှုတ်ဆက်အားပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် လေဘေးသင့်မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် စက်ဆန်းကျေးရွာမှ ရွာသူရွာသားများအားတွေ့ဆုံပြီး သဘာဝဘေးဒဏ်ကြုံတွေ့ခဲ့ရသည့် ဒေသခံများအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် အစီအမံများကို ရှင်းလင်းပြောကြားအားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဖျာပုံမြို့နယ် ကဒုံကနိကျေးရွာရှိ ကယ်ဆယ်ရေးစခန်းသို့ရောက်ရှိကြပြီး ရှေးဦးစွာ စခန်းအတွင်း လေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်စောင့်ရှောက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြသည့် ကချင်ပြည်နယ်မှ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဒေသခံ လူမှုရေးအသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် စခန်းအတွင်း ကျန်းမာရေးဆေးခန်းဖွင့်လှစ် ကုသပေးနေမှု၊ ပံ့ပိုးပစ္စည်းများ ရရှိဖြန့်ဖြူးနေမှုအခြေအနေများကို ကြည့်ရှုကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဘိုကလေးမြို့နယ် ကျွန်းသာယာကျေးရွာမှ လေဘေးသင့်ပြည်သူများအား ရွက်ဖျင်တဲများဖြင့် စနစ်တကျနေရာချထားပေးမှုများကို ကြည့်ရှုပြီး လေဘေးသင့်မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ထို့နောက် ကဒုံကနိကျေးရွာမှ ရွာသူရွာသားများအား တွေ့ဆုံနှုတ်ဆက်အားပေး၍ ဒေသခံများအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် အစီအမံများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီခွဲတွင် ရဟတ်ယာဉ်များဖြင့် ကဒုံကနိ ကယ်ဆယ်ရေးစခန်းမှ ပုသိမ်မြို့သို့ထွက်ခွာ၍ လမ်းခရီးတစ်လျှောက်ရှိ လေဘေးသင့်ဒေသများကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုကြသည်။

ကဒုံကနိကျေးရွာတွင် ကချင်ပြည်နယ်မှ ကြက်ခြေနီတပ်ဖွဲ့ဝင် ၆၀ ဦးသည် ဒေသခံ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းလျက် ကဒုံကနိ ကယ်ဆယ်ရေးစခန်း၌ ရွက်ဖျင်တဲတည်ဆောက်ရေးလုပ်ငန်းများ၊ ကျန်းမာရေး ကူညီစောင့်ရှောက်မှု လုပ်ငန်းများ၊ ပံ့ပိုးပစ္စည်းများ ဖြန့်ဝေပေးမှုလုပ်ငန်းများ စသည့် လေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်စောင့်ရှောက်သည့် လုပ်ငန်းများကို တက်ကြွစွာ ပါဝင်ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

လေဘေးသင့်ပြည်သူများအား ရန်ကုန်မြို့မှ အထွေထွေရောဂါကုဆရာဝန်များ ဆေးအကာအကွယ်ပေး

ရန်ကုန် ဇွန် ၂

မြန်မာနိုင်ငံ ဆရာဝန်အသင်း အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့၏ဦးဆောင်မှုဖြင့် ရန်ကုန်မြို့၌ ပုဂ္ဂလိကဆေးခန်းဖွင့်နေကြသော အထွေထွေရောဂါကု ဆရာဝန်များသည် မေ ၁၅ ရက်၊ ၂၀ ရက်၊ ၂၁ ရက်နှင့် ၂၉ ရက်တို့တွင် ရန်ကုန်တိုင်း ကော့မှူးမြို့နယ် ဝါးဘလောက်သောက်ကျေးရွာအုပ်စု၊ ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ်မှ ကျေးရွာသုံးခု၊ ရန်ကုန်မြို့မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ်ရှိ ရပ်ကွက်သုံးခုနှင့် ဧရာဝတီတိုင်း လပွတ္တာမြို့နယ်ရှိ ကယ်ဆယ်ရေးစခန်းများသို့ကွင်းဆင်း၍ လေဘေးသင့် ပြည်သူများအား ဆေးအကာအကွယ်များ ဆောင်ရွက်ပေးကြပြီး ဆန်၊ ဆီ၊ ဆား၊ ဆေးဝါး၊ အဝတ်အထည်၊ သောက်ရေသန့်နှင့် အိုးခွက်ပန်းကန်များပါ ဝေငှလှူဒါန်းကြသည်။

ထို့အပြင် ဒေသခံအထွေထွေရောဂါကု ဆရာဝန်များကလည်း ပါဝင်ပူးပေါင်း ဆောင်ရွက်ပေးကြသည်။

ပညာပေးဖျော်ဖြေ

အထူးသဖြင့် ကယ်ဆယ်ရေးစခန်းများမှ ကလေးငယ်များအား ပညာပေးဖျော်ဖြေမှု အစီအစဉ်ကိုပါ တင်ဆက်ပေးနိုင်ခဲ့ပြီး အထွေထွေရောဂါကု ဆရာဝန်များက ကလေးငယ်များနှင့် ရင်းရင်းနှီးနှီးရောနှော၍ လက်ဆေးမှု သရုပ်ပြခြင်း၊ သွားတိုက်မှု သရုပ်ပြခြင်း၊ ကလေးများနှင့်အတူ သီချင်းသီဆိုခြင်း၊ ပျော်ပွဲရွှင်ပွဲများကျင်းပခြင်း၊ ပုံပြောပြိုင်ပွဲများပါ တင်ဆက်ပေးနိုင်ခဲ့ကြကာ ကလေးတိုင်းအတွက် မုန့်၊ ဆပ်ပြာ၊ သွားပွတ်တံနှင့် သွားတိုက်ဆေးများ ဝေငှပေးခဲ့ကြသည်။

ထောက်ပံ့ပေးအပ်

ထို့အပြင် ကိုယ်ဝန်ဆောင်များအား သီးသန့်စောင့်ရှောက်မှုများ ပေးနိုင်ခဲ့ပြီး ပညာပေးစာစောင်များကိုလည်း ဝေငှပေးခဲ့ကြ၍ လပွတ္တာဒေသခံ အထွေထွေရောဂါကု ဆရာဝန်များအား ဆေးကုခန်းဖွင့်လှစ်နိုင်ရန်အတွက် ဆေးဝါးပစ္စည်းများကိုလည်း ထောက်ပံ့ပေးအပ်ခဲ့ ကြောင်းသိရှိရသည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ဖျာပုံမြို့နယ် ကဒုံကနိကျေးရွာရှိ ကယ်ဆယ်ရေးစခန်းသို့သွားရောက်၍ ကချင်ပြည်နယ်မှ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဒေသခံ လူမှုရေးအသင်းအဖွဲ့ဝင်များအား နှုတ်ဆက်အားပေး

နေပြည်တော် ဇွန် ၂

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဝင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် ယနေ့နံနက်ပိုင်းတွင် ဖျာပုံမြို့နယ် ကဒုံကနိကျေးရွာသို့သွားရောက်ပြီး လေဘေးကယ်ဆယ်ရေးစခန်း၌ ကချင်ပြည်နယ်မှ လာရောက်ကူညီလျက်ရှိသော ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဒေသခံလူမှုရေး အသင်းအဖွဲ့ဝင်များပူးပေါင်း၍ လေဘေးသင့်ပြည်သူများအတွက် ရွက်ဖျင်တဲများ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ ကြက်ခြေနီတပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

နှုတ်ဆက်အားပေး

ထို့နောက် ဝန်ကြီးသည် လေဘေးသင့် ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများကိုပေးအပ်ပြီး နှုတ်ဆက်အားပေးသည်။

လှည့်လည်

ဆက်လက်၍ ဝန်ကြီးသည် အမာမြို့ ဧရာကျေးရွာသို့ သွားရောက်ပြီး ကျေးရွာဥက္ကဋ္ဌနှင့် ရပ်မိရပ်ဖများ၊ ဒေသခံဝန်ထမ်းများအား တွေ့ဆုံ၍ ဒေသတွင်း သောက်သုံးရေရရှိမှု၊ ရိက္ခာ၊ ဆေးဝါး၊ ရေလုပ်ငန်းနှင့် လယ်လုပ်ငန်းအတွက် လိုအပ်မှုအခြေအနေများကို မေးမြန်းကာ လေမုန်တိုင်းဒဏ် ခံခဲ့ရသော အခြေခံပညာအလယ်တန်းကျောင်းနှင့် ဆေးခန်းတို့ကိုလှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ဝန်ကြီးသည် ဒေသခံပြည်သူများအား ပံ့ပိုးပစ္စည်းများကို ပေးအပ်သည်။ ထို့နောက် ဝန်ကြီးသည် အမာမြို့သို့ သွားရောက်၍ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး ပံ့ပိုးပစ္စည်းများကို ပေးအပ်သည်။

ရဟတ်ယာဉ်ဖြင့်ကြည့်ရှု

ယင်းနောက် ဝန်ကြီးသည် အမာ-ကျုံကဒွန်း-ဖျာပုံ ကားလမ်းတစ်လျှောက်ရှိ ကျေးရွာများ၏ အခြေအနေကို ရဟတ်ယာဉ်ဖြင့် ကြည့်ရှုကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

နာဂစ်မုန်တိုင်း တိုက်ခတ်ပြီးနောက် ပူးတွဲလေ့လာအကဲဖြတ်မှု အစီရင်ခံစာ ပြုစုရေးအတွက် ပဏာမရှင်းလင်းမှုနှင့် ပေါင်းစပ်ညှိနှိုင်းသင်တန်းပေးမှု ကျင်းပ

နေပြည်တော် ဇွန် ၂

နာဂစ်မုန်တိုင်း တိုက်ခတ်ပြီးနောက် ပူးတွဲလေ့လာအကဲဖြတ်မှု အစီရင်ခံစာပြုစုရေးအတွက် ASEAN Emergency Rapid Assessment Team(ERAT) အဖွဲ့ဝင်များက မြန်မာနိုင်ငံရှိ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်အဖွဲ့ဝင်များအား ပဏာမရှင်းလင်းမှုနှင့် ပေါင်းစပ်ညှိနှိုင်းသင်တန်းပေးမှုတစ်ရပ်ကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ချပ်ထရီယံဟိုတယ်၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူတက်ရောက်၍အမှာစကားပြောကြားသည်။

အဆိုပါ ပဏာမရှင်းလင်းမှုနှင့် ပေါင်းစပ်ညှိနှိုင်းသင်တန်းပေးမှုသို့ မြန်မာနိုင်ငံရှိ ဝန်ကြီးဌာန ၁၈ ခုတို့မှ ကိုယ်စားလှယ်အရာရှိ ၅၄ ဦးနှင့် Tripartite Core Group(TCG) မှအာဆီယံအဖွဲ့ကိုယ်စားပြု ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E Robert Chua Hian Kong၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ်နှင့် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး Mr .Bishow Parajuli နှင့် ကုလသမဂ္ဂအဖွဲ့အစည်းအသီးသီးတို့မှ ကိုယ်စားလှယ်များတက်ရောက်ကြပြီး ယနေ့မှ ဇွန် ၃ ရက်အထိ နှစ်ရက်ကြာကျင်းပသွားမည်ဖြစ်သည်။

ယင်းနောက် ဒုတိယအကြိမ်မြောက် Tripartite Core Group (TCG) အစည်းဝေးကိုလည်း ချပ်ထရီယံဟိုတယ်၌ နံနက်ပိုင်းတွင် ကျင်းပကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အခြေခံဥပဒေသည်သာ ပြည်သူတစ်ရပ်လုံး၏ Mandate အစစ်

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးကတော့ အတွင်း/အပ ပယောဂတွေနဲ့ ရာသီဥတုသဘာဝ အနှောင့်အယှက်တွေကြားထဲကပဲ အောင်မြင်ချောမောစွာပြီးဆုံးသွားခဲ့ပြီဖြစ်ပါတယ်။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်ရဲ့ ကြေညာချက် အမှတ်(၁၂/၂၀၀၈)အရဆိုရင် ပြည်ထောင်စုတစ်ဝန်းလုံးမှာရှိတဲ့ ဆန္ဒမဲပေးခွင့်ရှိသူ စုစုပေါင်း (၂၇၂၈၈၈၂၇) ဦးရှိတဲ့အနက် ဆန္ဒမဲပေးသူဦးရေ (၂၆၇၇၆၆၇၅) ဦး (၉၈ ဒသမ ၁၂) ရာခိုင်နှုန်းရှိပြီး ထောက်ခံမဲပေးသူဦးရေ (၂၄၇၆၄၁၂၄)ဦး (၉၂ ဒသမ ၄၈) ရာခိုင်နှုန်း၊ ကန့်ကွက်မဲပေးသူဦးရေ (၁၆၃၁၇၁၂) ဦး (၆ ဒသမ ၁) ရာခိုင်နှုန်းနဲ့ ပယ်မဲ (၃၈၀၈၃၉) မဲ (၁ ဒသမ ၄၂) ရာခိုင်နှုန်းရှိတယ်လို့ ဆိုပါတယ်။

ဒါကြောင့် **ပြည်ထောင်စုတစ်ဝန်းလုံးမှာရှိတဲ့ ပြည်သူလူထု ၁၀ ယောက်မှာ ကိုးယောက်ကျော်က အခြေခံဥပဒေမူကြမ်းကို အတည်ပြု လက်ခံလိုက်ကြပြီလို့ တရားဝင်ပြောလို့ရပြီဖြစ်ပါတယ်။ နိုင်ငံရေး သမားတွေရဲ့ စကားအသုံးအနှုန်းကို ငှားပြီးပြောရရင်တော့ အခြေခံ ဥပဒေမူကြမ်းဟာ ပြည်သူလူထုရဲ့ Mandate နဲ့ အတည်ဖြစ်သွားပြီ၊ ပြည်သူလူထုရဲ့ Mandate ကို ပိုင်ဆိုင်သွားပြီလို့ ပြောရမှာပါ။**

ဒီလိုဆိုတော့ ၁၉၉၀ပြည့်နှစ်ရွေးကောက်ပွဲ ရလဒ်တွေအရ ပြည်သူလူထုရဲ့ Mandate ကို ရထားပါတယ်ဆိုတဲ့ Mandate ပိုင်ရှင်ကြီးတွေကျတော့ ဘယ်လိုလုပ်ရတော့မှာတုံး၊ မြောင်းထဲသွားပြီး လွှင့်ပစ်ရတော့မလားလို့ မေးစရာရှိလာပါတယ်။

ကျွန်တော်ကတော့ လက်တွေ့ကျကျပဲ စဉ်းစားကြည့်စေချင်ပါတယ်။ ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲမှာ မဲပေးလိုက်ကြတုန်းက မဲဆန္ဒရှင်တွေဟာ ၁၉၉၀ပြည့်နှစ်က မဲဆန္ဒရှင်တွေပါ။ အဲဒီတုန်းက မဲပေးခဲ့တဲ့သူတွေဟာ အခု ၁၈နှစ်ကြာခဲ့ပြီဆိုတော့ ကွယ်လွန်တဲ့သူတွေလည်း ကွယ်လွန်ကုန်ကြပါပြီ။ ၁၉၉၀ပြည့်နှစ်ရွေးကောက်ပွဲတုန်းက အသက် ၁၈နှစ်မပြည့်သေးလို့ မဲမပေးလိုက်ရတဲ့ မွေးစကလေးကနေ ၁၇ နှစ် ၁၁ လ သား၊ သမီးတွေအထိ အုပ်စုတစ်စုကလည်း အခုဆန္ဒခံယူပွဲမှာ မျိုးဆက်သစ်မဲဆန္ဒရှင်တွေအနေနဲ့ ပါလာပါတယ်။ သူတို့ကတော့ အခု ၂၀၀၈ ဆန္ဒခံယူပွဲမှာ မဲပေးခဲ့ကြတဲ့ အသက် ၁၈ နှစ်ကနေ ၃၆ နှစ်အထိ မဲဆန္ဒရှင်အုပ်စုပေ့ါ။ အသက် ၃၇နှစ်နဲ့အထက် မဲဆန္ဒရှင်တွေကတော့ ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲမှာ နှစ်သက်ရာ ပါတီတစ်ခုခုကို မဲထည့်ခဲ့ကြသူတွေ၊ ဒါမှမဟုတ် ဘယ်ပါတီကိုမှ မကြိုက်လို့ မဲမထည့်ဘဲနေခဲ့ကြသူတွေဖြစ်မှာပါ။ သူတို့အနေနဲ့ကလည်း ၁၉၉၀ ပြည့်နှစ်က ရုပ်နဲ့နာမ်ဟာ ၂၀၀၈ခုနှစ်မှာရှိတဲ့ ရုပ်နဲ့နာမ် မဟုတ်တော့ပါဘူး။ ၁၉၉၀ ပြည့်နှစ်က စိတ်ခံစားမှု၊ အတွေးအမြင်၊ အတွေ့အကြုံနဲ့ ရင့်ကျက်မှုတွေဟာ အခု ၂၀၀၈ ခုနှစ်ရဲ့ စိတ်ခံစားမှု၊ အတွေးအမြင်၊ အတွေ့အကြုံ၊ ရင့်ကျက်မှုတွေနဲ့ မတူနိုင်တော့ပါဘူး။ သူတို့ရဲ့ ပတ်ဝန်းကျင်ခေတ်ကာလ အခြေအနေချင်းကလည်း မတူတော့ပါဘူး။

အဲဒီတော့ လွန်ခဲ့တဲ့၁၈နှစ်လောက်က အင်္ကျီအဝတ်အစားတောင်မှ အခုပြန်ဝတ်ရင် တော်တဲ့လူက ခပ်ရှားရှား ဖြစ်ပါလိမ့်မယ်။ လွန်ခဲ့တဲ့ ၁၈နှစ်လောက်က ဆေးဆိုရင်လည်း အခုမှ ယူသောက်ရင် ရောဂါပျောက်နိုင်ပါတော့မလား။ Expired ဖြစ်သွားပြီမို့ ရှိရင်းစွဲရောဂါမပျောက်တဲ့အပြင် ဆေးက အဆိပ်သင့်ပြီး ကိစ္စတောင်ချောသွားနိုင်စရာရှိပါတယ်။

ဒါကြောင့် လွန်ခဲ့တဲ့ ၁၈နှစ်က Mandate ဆိုတာကို ယနေ့အထိဆွဲယူလို့ ဆီလျော်ခြင်း ရှိ၊ မရှိ စဉ်းစားကြည့်ရင် သိနိုင်လောက်ပြီ ထင်ပါတယ်။

ခေတ်ဆွေးနေတဲ့ Mandate ကြီးကို ဖက်တွယ်ထားချင်တဲ့သူတွေကတော့ ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲဟာ လွတ်လပ်ပြီး တရားမျှတတယ်၊ အခုဆန္ဒခံယူပွဲကတော့ ပြည်ပက လေ့လာစောင့်ကြည့်သူတွေလည်းမရှိ၊ အာဏာပိုင်တွေကလည်း ဆန္ဒခံယူပွဲ ဥပဒေချိုးဖောက်ပြီး ထောက်ခံမဲတွေ အတင်းထည့်ခိုင်းလို့ ဒါဟာ မလွတ်လပ်ဘူး၊ တရားမျှတမှုမရှိဘူး၊ ဒါကြောင့် ဆန္ဒခံယူပွဲရလဒ်ကို အတည်မပြုဖို့ နိုင်ငံတကာကို ပန်ကြားမယ်စသည်ဖြင့် ပြောဆိုခဲ့ကြတာလည်း ကြားနေရပါတယ်။

တကယ်တော့ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရော၊ ၂၀၀၈ ခုနှစ် ဆန္ဒခံယူပွဲရော နှစ်ခုစလုံးကို တပ်မတော်အစိုးရကပဲ တာဝန်ယူပြီး ကျင်းပပေးခဲ့တာပါ။ မဲပေးပွဲ နှစ်ခုစလုံးမှာ ဘယ်နိုင်ငံခြား လေ့လာစောင့်ကြည့်သူ တွေကိုမှ မခေါ်ခဲ့ပါဘူး၊ ကွာခြားတာ တစ်ခုပဲရှိပါတယ်။ ၁၉၉၀ ရွေးကောက်ပွဲမှာ အစိုးရနဲ့ သဘောထားကွဲလွဲတဲ့ အဖွဲ့တွေ အနိုင်ရတယ်။ ၂၀၀၈ ခုနှစ် ဆန္ဒခံယူပွဲမှာတော့ “Vote No”နဲ့ တုတ်ထိုးချင်တဲ့သူတွေ မရှုမလှ အရေးနိမ့်သွားတယ်၊ ဒါပါပဲ။ ဘောလုံးပွဲမှာ ကိုယ့်အသင်း မနိုင်ရင် ဒိုင်ညစ်လို့ဆိုပြီး အပြစ်ပုံချတတ်တာ မြန်မာပြည်က နိုင်ငံရေးသမားတွေမှ မဟုတ်ပါဘူး။ ကမ္ဘာတစ်လွှားမှာ ကျင်းပခဲ့သမျှ ရွေးကောက်ပွဲ မဲပေးပွဲ မှန်သမျှ ဒီလိုချည်းပါပဲ။

မှတ်မိသမျှ လတ်တလော သာဓကပြရရင် ကင်ညာမှာလည်း မဲလိမ်မဲခိုးတယ်ဆိုပြီး အတိုက်အခံဘက်က ဆူပူအုံကြွလို့ နိုင်ငံပြိုကွဲလုမတတ်တောင်ဖြစ်သွားခဲ့ပြီးမှ သမ္မတနဲ့ ဝန်ကြီးချုပ်ရာထူးဖန်တီးကာ အာဏာခွဲဝေပေးလိုက်တော့မှ ငြိမ်သွားတာပါ။ ပါကစ္စတန်မှာလည်း ပါလီမန်ရွေးကောက်ပွဲမှာ သမ္မတ မူရှာရက်ဖ်က သူ့ပါတီမဲနိုင်အောင် မတရားမှုတွေ လုပ်လိမ့်မယ်၊ အတိုက်အခံတွေ ရှုံးခဲ့ရင်တော့ ဒါဟာ မဲလိမ်တာပဲလို့ ကြိုပြီး အတိုက်အခံဘက်က အော်ဟစ်ခဲ့ကြတာပါပဲ။ တကယ့်ရွေးကောက်ပွဲမှာ သူတို့လည်းနိုင်သွားရော ဘာသံမှလည်း မကြားရတော့ပါဘူး။ အခု ဂျော်ဂျီယာမှာလည်း အတိုက်အခံတွေဘက်က ပါလီမန်ရွေးကောက်ပွဲမှာ ရှုံးသွားတော့ သမ္မတ ဆာကက်ရှ်ဗီလီညစ်တယ်ဆိုပြီး အော်နေကြ တာပါပဲ။ ဂျော်ဂျီယာမှာဆိုရင် OSCE အဖွဲ့က ရွေးကောက်ပွဲလေ့လာ စောင့်ကြည့်ရေးအဖွဲ့တွေ အများကြီး လွှတ်ထားတာပါ။ ဘာတွေလွှတ်လွှတ်၊ ဘယ်သူတွေ စောင့်ကြည့်ကြည့်၊ ရှုံးတဲ့လူကတော့ ရှုံးရင်အော်တာပါပဲ။

ပြီးတော့လည်း အခြေခံဥပဒေအတည်ပြုတယ်ဆိုတာ နိုင်ငံတစ်ခုရဲ့ အချုပ်အခြာအာဏာ ပိုင်ခွင့်တစ်ခုဖြစ်တဲ့ ကိုယ်ပိုင်စီရင်ပိုင်ခွင့် Jurisdiction အောက်မှာ ကျရောက်နေတဲ့ ကိစ္စတစ်ခုသာဖြစ်ပါတယ်။ ဘယ်ပြည်ပအဖွဲ့အစည်း၊ နိုင်ငံတွေကမှ ဝင်ရောက်စွက်ဖက်ခွင့်မရှိပါဘူး။

> တကယ်တော့ ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲရော၊ ၂၀၀၈ ခုနှစ် ဆန္ဒခံယူပွဲရော နှစ်ခုစလုံးကို တပ်မတော်အစိုးရကပဲ တာဝန်ယူပြီး ကျင်းပပေးခဲ့တာပါ။ မဲပေးပွဲ နှစ်ခုစလုံးမှာ ဘယ်နိုင်ငံခြား လေ့လာစောင့်ကြည့်သူ တွေကိုမှ မခေါ်ခဲ့ပါဘူး၊ ကွာခြားတာ တစ်ခုပဲရှိပါတယ်။ ၁၉၉၀ ရွေးကောက်ပွဲမှာ အစိုးရနဲ့ သဘောထားကွဲလွဲတဲ့ အဖွဲ့တွေ အနိုင်ရတယ်။ ၂၀၀၈ ခုနှစ် ဆန္ဒခံယူပွဲမှာတော့ “Vote No”နဲ့ တုတ်ထိုးချင်တဲ့သူတွေ မရှုမလှ အရေးနိမ့်သွားတယ်။

စည်သူအောင်

ဒီတော့ ၂၀၀၈ ခုနှစ် အခြေခံဥပဒေဟာ မဲပေးခွင့်ရှိတဲ့ ပြည်သူလူထု ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းရဲ့ Mandate နဲ့ အတည်ဖြစ်သွားပြီဆိုတာ လက်တွေ့ပကတိအခြေအနေအရရော၊ နိုင်ငံတကာနဲ့ ပြည်တွင်း ဥပဒေတွေအရရော ငြင်းမရအောင် ထင်ရှားနေပြီ ဖြစ်ပါတယ်။

ကလေးစကားမျိုးကြေးတန်းတိုက်ရမယ်ဆိုရင်တောင်မှ ၁၉၉၀ ပြည့်နှစ်က ဆန္ဒမဲဦးရေ (၇၉၃၄၆၂၂) မဲနဲ့ လူထုရဲ့ Mandate ကို ရခဲ့တယ်ဆိုတဲ့သူတွေဟာ ၂၀၀၈ ခုနှစ်မှာ ဆန္ဒမဲပေါင်း (၂၄၇၆၄၁၂၄) မဲနဲ့ အပြတ်အသတ်ပေးခဲ့တဲ့ လူထုရဲ့ Mandate ကို ဘယ်လိုများကျော်လွှားနိုင်ပါ့မလဲ။ တကယ်တမ်း ကိန်းဂဏန်းအရ တိတိကျကျတွက်ချက်ဖော်ထုတ် ရမယ်ဆိုရင် ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲကရခဲ့တဲ့ ဆန္ဒမဲ (၇၉၃၄၆၂၂) ဆိုတာ အဲဒီတုန်းက မဲပေးပိုင်ခွင့်ရှိသူဦးရေ (၂၀၈၁၈၃၁၃) ဦးရဲ့ ၃၈ ရာခိုင်နှုန်းလောက်ပဲ ရှိတာမို့ အများစုမဲရဖို့အပုံကြီးလိုနေပါသေးတယ်။ မဲပေးပိုင်ခွင့်ရှိသူ သန်း ၂၀ မှာ မဲတကယ်လာပေးခဲ့တာ ၁၅ သန်း လောက် ပဲရှိပါတယ်။ ငါးသန်းလောက်က မဲလာမပေးကြပါဘူး။ အဲဒီ ငါးသန်းသော ပြည်သူတွေဟာ အနိုင်ရတယ်ဆိုတဲ့ ပါတီအပါအဝင် ရွေးကောက်ပွဲဝင်တဲ့ ပါတီ ၉၃ ခု စလုံးကို သဘောမကျလို့လည်း ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ ဘာပဲဖြစ်ဖြစ်သင်္ချာနည်းအရဆိုရင် ထောက်ခံသူ ခုနစ်သန်းကျော်နဲ့ မထောက်ခံသူ ၁၂ သန်းကျော်ရှိတယ် ဆိုရင် ဒါကို လူထုရဲ့ထောက်ခံ အတည်ပြုမှုရတယ်လို့ ဆိုနိုင်ပါ့မလား။

ဒါက ဆန္ဒမဲပေးပိုင်ခွင့် ရှိသူဦးရေပဲရှိပါသေးတယ်။ အဲဒီတုန်းက တစ်နိုင်ငံလုံး လူဦးရေ ၄၂ သန်းနဲ့ အချိုးချပြီး တွက်မယ်ဆိုရင် ထောက်ခံမဲအရေအတွက်ဟာ လူဦးရေရဲ့ ၂၀ ရာခိုင်နှုန်းကျော်ကျော်ပဲ ရှိတော့မှာဖြစ်ပါတယ်။ ဒါကို ပြည်သူတစ်ရပ်လုံးရဲ့ Mandate လို့ ဆိုနိုင်ပါဦးမလား။ စဉ်းစားစရာပါ။

ခက်တာကအဲဒီဒိတ်အောက်နေပြီဖြစ်တဲ့ ပါချည်ပါခြဲ Mandate ကြီးဟာ အချို့အချို့သော အဖွဲ့အစည်းအင်အားစုများအတွက် အသက်ဆက်နိုင်ဖို့ မမီတမီ ဆွဲထားရတဲ့နောက်ဆုံး ကောက်ရိုးတစ်မျှင် ဖြစ်နေတာပါပဲ။ အခုတော့ အဲဒီကောက်ရိုးမျှင်လည်း ပြည်သူလူထုရဲ့ ဆန္ဒမဲရေအလျဉ်ကြောမှာ မျောပါလို့သွားခဲ့ပြီပေ့ါ။

ဒါ့အပြင် ပြည်ပက ဆရာကြီးတွေရဲ့ အထောက်အပံ့ကို ပြည်သူ့ Mandate ပိုင်ရှင်ပါဆိုပြီး ခွက်ထိုးခံနေရတဲ့ကိုယ့်ဘာသာခန့်ထားတဲ့ စင်ပြိုင်အစိုးရဆိုတဲ့ ပုဂ္ဂိုလ်ကြီးတွေခမျာလည်း Mandate ဆိုတာသာ မရှိတော့ရင် ဟိုသတ္တဝါ သစ်ကိုင်းလွတ်သလို ဖြစ်သွားကြ ရှာမှာပါ။ အလားတူပဲ စီအာပီပီက ဘဘကြီးတွေရော၊ ဗဟန်း ရွှေဂုံတိုင်က ဝါးခမောက်အိုကြီး ချိတ်ထားတဲ့ အဆောက်အအုံထဲက ပုဂ္ဂိုလ်ကြီးတွေရော၊ အရေးကြုံလာတိုင်း မန်းမှုတ်နေရတဲ့ ဂါထာမန္တရားသဖွယ် ဖြစ်နေတဲ့ “ပြည်သူလူထုရဲ့ Mandate”ဆိုတာ ပျောက်ကွယ်သွားပြီ ဖြစ်တဲ့အတွက် ဆောက်တည်ရာမရ ဖြစ်နေကြတာဖြစ်ပါတယ်။

ကိုယ့်စိတ်ကိုယ်ဖြေသိမ့်တဲ့အနေနဲ့ ကျွန်ုပ်တို့သာ မူလပထမ Original Mandate ပိုင်ရှင်ဆိုပြီး ဆက်လက် ဖက်တွယ်ကြွေးကြော်ချင်နေသေးတယ်ဆိုရင်လည်း သဘောပါပဲ။ ဒါပေမယ့် အဲဒီလိုပကတိအခြေအနေအရပ်ရပ်ကို မျက်ကွယ်ပြုပြီး စိတ်ကူးယဉ်ကမ္ဘာထဲမှာပဲ တိုက်အိမ်ဆောက်နေဦးမယ်ဆိုရင်တော့ ခေတ်နဲ့ အလှမ်းဝေးသည်ထက်ဝေးပြီး စိတ္တဇအချစ်ဝတ္ထုတစ်ပုဒ်ထဲကလို လပြည့်ညတိုင်း လသာတဲ့အခါ မင်္ဂလာဆောင်ခါနီးမှဆုံးသွားတဲ့ ချစ်သူကိုတမ်းတရင်းသတို့သမီးဝတ်စုံကို ထုတ်ဝတ်ပြီး လွမ်းမိုးစွေနေတတ်တဲ့ အသက် (၇၀) ကျော် အဘွားအိုကြီးလို သနားစရာ ဖြစ်နေလိမ့်မယ်လို့ ပြောလိုက်ချင်ပါတယ်။

စေတနာအရင်းခံနဲ့အကောင်းဆုံးအကြံတစ်ခု ပေးရမယ်ဆိုရင်တော့ သင်္ခါရသဘောအရ သူ့အကြောင်းတရား၊ အကျိုးတရားတွေနဲ့သူပြောင်းလဲသွားပြီဖြစ်တဲ့ ခေတ်စနစ်၊ အခြေအနေတွေကို အမှန်အတိုင်း သိမြင်နားလည်လက်ခံပြီး ပြန်မရနိုင်တော့တဲ့ မျှော်လင့်ချက်အဟောင်းတွေကို စွန့်ပစ်လိုက်ပါတော့။ ခေတ်သစ်၊ စနစ်သစ်၊ နိုင်ငံတော်သစ်မှာ ပြည်သူ့ Mandate အသစ်ကို ရချင်တယ်ဆိုရင် သက်ဆိုင်ရာဥပဒေ စည်းမျဉ်းတွေနဲ့အညီ စည်းကမ်းပြည့်ပြည့် ဒီမိုကရေစီအသိရှိရှိနဲ့ နောင်လာမယ့် ရွေးကောက်ပွဲတွေမှာ ပါဝင်ခွင့်ရှိသူတိုင်း ပါဝင်နိုင်ဖို့ ပြည်သူတွေက လမ်းဖွင့်ကြိုဆိုလျက်ရှိပါတယ်လို့ပဲ ပြောလိုက်ချင်ပါတယ်။ ။

ထိုင်းကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ ထိုင်းကျန်းမာရေးဝန်ကြီးအား တွေ့ဆုံရှင်းလင်းတင်ပြ

ရန်ကုန် ဇွန် ၂

ကျန်းမာရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့၏ အစီအစဉ်ဖြင့် မြန်မာနိုင်ငံ၌ ရောက်ရှိနေသော ထိုင်းနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့သည် ထိုင်းနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး H.E Chariya Sasomsub၊ ဒုတိယဝန်ကြီး Dr. Prat နှင့် အဖွဲ့ဝင်များအား မေ ၂၉ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ Chatrium Hotel ၌ တွေ့ဆုံ၍ အတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။

တွေ့ဆုံပွဲတွင် ထိုင်းနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးက အမှာစကားပြောကြားပြီး မြောင်းမြနှင့် လပွတ္တာမြို့နယ်များအတွင်း ကွင်းဆင်းကုသရေးအဖွဲ့ခေါင်းဆောင် Dr. Pichit Siriwan နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်လွင်တို့က အတွေ့အကြုံများ၊ အကြံပြုချက်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ည ၇ နာရီတွင် ထိုင်းနိုင်ငံကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးစောင့်ရှောက်သူများအဖွဲ့(၁)မှ တာဝန်ရှိသူများက ထပ်မံရောက်ရှိလာသော အဖွဲ့ဝင်သစ်များအား အတွေ့အကြုံများကို ရှင်းလင်းတင်ပြခြင်း၊ ပြန်လည်မေးမြန်းဆွေးနွေးခြင်းများ ပြုလုပ်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗဟန်းမြို့နယ်ငါးထပ်ကြီးကျောင်းတိုက် ဒေါ်နုခင်ကျောင်း၌ တည်ဆောက်လျက်ရှိသော မဟာဗောဓိစေတီမနောရမ လေးထပ်သိမ်ကျောင်းတော်ကြီးအတွက် ဆရာတော် ဘဒ္ဒန္တနန္ဒိယထံသို့ လမ်းမတော်မြို့နယ် (၁၅)လမ်းနေ ဦးမောင်ကြည်-ဒေါ်မြသီ၊ ဦးဉာဏ်လင်း-ဒေါ်အေးအေးမြင့်တို့အား ရည်စူး၍ သား ကိုလှဝင်း၊ သမီး မခင်ရီ၊ မြေး မောင်ရဲခန့်တို့က ငွေကျပ်တစ်သိန်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး ကွင်းဆင်းကုသရေးအဖွဲ့များအား တွေ့ဆုံမှာကြား

ရန်ကုန် ဇွန် ၂

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ဇွန် ၁ ရက် နံနက် ၇ နာရီခွဲတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး စာသင်ခန်းမ၌ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့အတွင်းရှိ လေဘေးသင့်ခံရသည့် ဒေသများသို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်မည့် ရန်ကုန်ဆေးတက္ကသိုလ် (၁)နှင့်(၂) တို့မှ အလုပ်သင်ဆရာဝန်များ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ သမားတော်အထူးကု ဆရာဝန်ကြီး ဒေါက်တာမိုးဟိန်း ခေါင်းဆောင်သော အထူးကုဆရာဝန်ကြီးများ ပါဝင်သောအဖွဲ့အား တွေ့ဆုံ၍ လူနာများအား ကိုယ်တိုင် စေတနာပါပါဖြင့် ကုသမှုပေးကြရေး၊ ယခုအခါတွင် ကူးစက်ရောဂါ ဖြစ်ပွားမှုမရှိသေးသော်လည်း ကာကွယ်ကုသရေးအနေဖြင့် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါများ ဖြစ်ပွားကူးစက်မှု မရှိစေရန် ကျန်းမာရေးအသိပညာပေးရေး၊ အဓိကကျသည့် ပိုးမွှားကင်းစင်သော ရေကိုသာ သောက်သုံးရေး၊ ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲရေး၊ အစာမစားမီ လက်ဆေးရေး၊ ယင်နားစာများကို မစားမိစေရန်နှင့် အမှိုက်သရိုက်များကို စနစ်တကျစွန့်ပစ်ရေး၊ ငါးနှစ်အောက် ကလေးများ ဝက်သက်ကာကွယ်ဆေး ထိုးနှံထားရှိရေးနှင့် ကိုယ်ဝန်ဆောင်မိခင်များ မေးခိုင်ကာကွယ်ဆေး ထိုးနှံထားရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် လမ်းသစ်ဗောတံတားတွင် ပပဝင်းသင်္ဘောဖြင့်ဆေးရုံသင်္ဘော ကွင်းဆင်းကုသရေးလုပ်ငန်းများ ဆောင်ရွက်မည့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ သမားတော်၊ အထူးကု ဆရာဝန်ကြီး ဒေါက်တာမိုးဟိန်း ခေါင်းဆောင်သောအဖွဲ့အား တွေ့ဆုံနှုတ်ဆက်သည်။

အဆိုပါ အထူးကုဆေးကုသရေးသင်္ဘောတွင် သမားတော်များ၊ ကလေးအထူးကုဆရာဝန်များ၊ စိတ်ကျန်းမာရေးဆရာဝန်၊ သွားဘက်ဆိုင်ရာ ဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုအမျိုးသားများ ပါဝင်ပြီး မော်လမြိုင်ကျွန်းမြို့ကို အခြေစိုက်၍ ပတ်ဝန်းကျင်ရွာများမှ ပြည်သူများအား ရွာအရောက် လှည့်လည်ကုသပေးမည်ဖြစ်ပြီး အဖွဲ့ဝင်များကို အလှည့်ကျ ၁၀ ရက်ကြာ လှည့်လည်ထမ်းဆောင်စေမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး ပပဝင်းနှစ်ထပ်ဆေးရုံသင်္ဘောဖြင့် ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ်တွင် အခြေစိုက်၍ ပတ်ဝန်းကျင် ကျေးရွာများမှ ပြည်သူများအား ရွာအရောက် လှည့်လည်ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးမည့်သမားတော်များ၊ အထူးကုဆရာဝန်များ၊ သွားဘက်ဆိုင်ရာ ဆရာဝန်များ၊ သူနာပြုအမျိုးသားများ ပါဝင်သည့် အဖွဲ့အား လမ်းသစ် ဗောတံတားတွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (ကျန်းမာရေး)

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ပိုစတာ၊ ကာတွန်း ပြိုင်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂

(၂၁) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ပိုစတာ၊ ကာတွန်း၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာပြိုင်ပွဲကို မေ ၂၄ ရက် နှင့် ၂၅ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် မန္တလေးမြို့ အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမနှင့် မန္တလေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းခန်းမတို့၌ ကျင်းပရာ ပြိုင်ပွဲဝင် စုစုပေါင်း ၉၃ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

တက်ရောက်အားပေး

အဆိုပါပြိုင်ပွဲသို့ မန္တလေးတိုင်း ရဲတပ်ဖွဲ့ ဒုတိယ တိုင်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်သူ၊ မန္တလေးမြောက်ပိုင်း မူးယစ်အထူးအဖွဲ့ ကြီးကြပ်သူအရာရှိ ရဲမှူး လှကြည်၊ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်မူးယစ်အထူးအဖွဲ့ ကြီးကြပ်သူအရာရှိ ဒုတိယရဲမှူး မြင့်ဆွေ၊ မန္တလေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်သန်းထွန်း၊ မန္တလေးတိုင်း လက်ထောက်တိုင်းပညာရေးမှူး (စီမံ)ဦးဖေတင်၊အမျိုးသားယဉ်ကျေးမှုအနုပညာတက္ကသိုလ် ကထိကဦးကြည်သိန်း၊ ပန်းချီပန်းပု ကျောင်းအုပ်ကြီး ဦးတင်ဌေးအောင်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်သောင်းသောင်းဝင်းနှင့်ပြိုင်ပွဲကြီးကြပ်သူများ၊ တာဝန်ရှိသူများ တက်ရောက်အားပေးကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** (သတင်းစဉ်)

သောက်သုံးရေနှင့် ပတ်သက်၍ သတိပေးနှိုးဆော်ချက်

- ❖ မသန့်ရှင်းသောသောက်ရေ၊ သုံးရေများကြောင့် ပြည်သူအများ ဝမ်းပျက်ဝမ်းလျှော ရောဂါအန္တရာယ် ကျရောက်နိုင်ပါသည်။
- ❖ သောက်ရေသုံးရေမှန်သမျှကို ကျိုချက်၍ဖြစ်စေ၊ ကလိုရင်းဆေးခတ်ပြီးမှဖြစ်စေ သောက်သုံးပါ။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ သောက်သုံးရန်မသင့်ဟု ကြေညာထားသော သောက်ရေသန့်များကို မသောက်သုံးသင့်ပါ။
- ❖ ရေသန့်ပင်ဖြစ်လင့်ကစား မသကၤာပါက ရေကိုကျိုချက်ပြီးမှ သောက်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

ရန်ကုန်တိုင်းရဲတပ်ဖွဲ့ ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂

ရန်ကုန်တိုင်းရဲတပ်ဖွဲ့ ပညာသင်ထောက်ပံ့ကြေး၊ ကျောင်းဝတ်စုံပေးအပ်ပွဲနှင့် လေဘေးထောက်ပံ့ပစ္စည်းများပေးအပ်ပွဲကို ဇွန် ၁ရက် ညနေ ၃ နာရီတွင် ကျောက်တံတားမြို့နယ် ဘဏ်လမ်းရှိ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းနိုင်က ပညာသင် ထောက်ပံ့ကြေး ပေးအပ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ရဲမှူးကြီးနှင့် ဇနီးတို့က ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းဝတ်စုံများကို သက်ဆိုင်ရာ ကျောင်းသား၊ ကျောင်းသူကိုယ်စားလှယ်များထံ ပေးအပ်သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနှင့်ဇနီး၊ တာဝန်ရှိသူတို့က လေဘေးဒဏ်ခံရသည့် မြို့နယ်၊ ရဲစခန်းများမှ တပ်ဖွဲ့ဝင်မိသားစုများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှ ပေးအပ်သည့် စုစုပေါင်း တန်ဖိုးမှာ ငွေကျပ် ၁၅၅၃၈၂၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လေဘေးသင့်ဒေသ၌ ထွန်ယက်ရေးလုပ်ငန်းစတင်

လေဘေးသင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေး

ဒေးဒရဲမြို့နယ် ကျုံဒါးကျေးရွာတွင် ဒေသခံပြည်သူများ စက်မှုလယ်ယာမှ လက်တွန်းထွန်စက်များဖြင့် လယ်ယာများတွင် ထွန်ယက်ကြစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် ကမာပါကျေးရွာ၌ ပထမမိုးစပါး စိုက်ပျိုးရန်အတွက် စက်ကိရိယာများဖြင့် စုပေါင်းထွန်ယက်နေကြစဉ်။ (သတင်းစဉ်)

ထောက်ပံ့ရေးပစ္စည်းများ ရောက်ရှိ

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် ထိုင်းနိုင်ငံ အခြေစိုက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP) မှ လှူဒါန်းသော ထောက်ပံ့ရေး ပစ္စည်းများ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာစဉ်။ (သတင်းစဉ်)

ဖျာပုံမြို့နယ်၌ အိန္ဒိယသမ္မတနိုင်ငံ ဆေးအကာအကွယ်ပေးရေးအဖွဲ့ဝင်များ လေဘေးသင့် ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်ပေးစဉ်။ (သတင်းစဉ်)

နှစ်ထပ်ဆေးရုံသင်္ဘော

ပပဝင်း နှစ်ထပ်ဆေးရုံသင်္ဘောဖြင့် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသမှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် အထူးကုဆရာဝန်ကြီးများ ပါဝင်သော အဖွဲ့ ရန်ကုန်မြို့မှ ထွက်ခွာစဉ်။ (သတင်းစဉ်)

* ကျောဖုံးမှ

မကြုံစဖူး ကြီးမားသော သဘာဝဘေးအန္တရာယ်ကို ကြုံတွေ့ခဲ့ရပြီးနောက် ကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အချိန်တိုအတွင်း အောင်အောင်မြင်မြင်၊ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ခဲ့သည်မှာ နိုင်ငံတော်တာဝန်ရှိသူများ အပါအဝင် ပြည်သူလူထုများ၊ တိုင်းရင်းသား လုပ်ငန်းရှင်များက အမျိုးသားရေးစိတ်ဓာတ်နိုးကြားထက်သန်စွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြ၍ ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်နိုင်ခဲ့ခြင်းကိုလည်း နိုင်ငံတော်က မှတ်တမ်းတင်ကျေးဇူးတင်ရှိကြောင်း။

မြန်မာနိုင်ငံ အောက်ပိုင်းတွင် ဧရာဝတီတိုင်းသည် တိုင်းပြည်၏ စပါးကျီဖြစ်သကဲ့သို့ စစ်ကိုင်းတိုင်းသည်လည်းမြန်မာနိုင်ငံအထက်ပိုင်းတွင် တိုင်းပြည်၏စပါးကျီဖြစ်နေပြီဖြစ်ကြောင်း၊ ယင်းသို့ ဖြစ်လာစေရန် ရည်မှန်းကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ယခုဆိုလျှင် စစ်ကိုင်းတိုင်းအနေဖြင့် နှစ်စဉ် စပါးတင်းသိန်း ၁၀၀၀ ပိုလျှံထွက်ရှိနေပြီဖြစ်ကြောင်း။

လေဘေးသင့်ဒေသများနှင့် စပ်လျဉ်း၍ ပထမဦးစားပေးလုပ်ငန်းဖြစ်သည့် ကယ်ဆယ်ရေးလုပ်ငန်းများ အတိုင်းအတာ တစ်ခုအထိအောင်မြင်ပြီးစီးချိန်တွင် တစ်ပြိုင်တည်း ဒုတိယအဆင့်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ဒေသခံများ၏ လူမှုစီးပွားရေးဘဝမြှင့်တင်ရေးအတွက်ပါ ဦးတည်ချက်ထားဆောင်ရွက်ရန် ဖြစ်ကြောင်း။

လေဘေးသင့်ပြည်သူများ အတည်တကျ နေရာချထားရေး၊အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်အောင် ပံ့ပိုးပေးရေး၊ နောင် သဘာဝဘေးအန္တရာယ် ကြုံကြိုက်ပါက တားဆီးကာကွယ်နိုင်မည့် အစီအမံများဆောင်ရွက်ပေးရေးတို့အတွက် မြို့နယ်တစ်ခုချင်းအလိုက် ဆွေးနွေးချမှတ်သွားရန်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တက်ရောက်လာကြသည့် တိုင်းရင်းသားလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ရှင်းလင်းမှာကြားသည့် အခမ်းအနားအပြီးတွင်အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးတို့ ဦးဆောင်ပြီး တာဝန်ရှိသူများသည် ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်နှင့် ဖျာပုံမြို့နယ် ပြန်လည်တည်ဆောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အသေးစိတ် ဆက်လက်ညှိနှိုင်း ဆွေးနွေးကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးမှာကြားသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး၊ အစိုးရအဖွဲ့ - အဖွဲ့ဝင် ဝန်ကြီးများနှင့် တိုင်းရင်းသား လုပ်ငန်းရှင်များက လိုအပ်သည်များကို ဖြည့်စွက်တင်ပြကြသည်။

ညှိနှိုင်းဖြည့်ဆည်းပေး

တင်ပြချက်များနှင့် စပ်လျဉ်းပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး အစည်းအဝေးကို ညပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြို့တွင်း လူသွားစင်္ကြံများပြင်ဆင်မှု၊ သစ်ပင်များရှင်းလင်းနေမှု၊ အဆောက်အအုံများ ပြင်ဆင်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့တွင်း လူသွားစင်္ကြံများပြင်ဆင်မှု၊ မုန်တိုင်းဒဏ်ကြောင့် ပြိုလဲသွားသောသစ်ပင်များ အပြီးသတ်ရှင်းလင်းနေမှု၊ ပျက်စီးသွားသောအဆောက်အအုံများ ပြန်လည်ပြင်ဆင်ပြီးစီးမှုနှင့် သောက်သုံးရေရရှိရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ကမာရွတ်မြို့နယ် ပြည်လမ်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအဆောက်အအုံရှေ့သို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် လမ်းဘေးရှိ သစ်ပင်များ ပြိုလဲမှုကြောင့် ပျက်စီးသွားသော လမ်းဘေးဝဲယာရှိ လူသွားစင်္ကြံများအား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများက အသစ်ပြန်လည်ခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ရန်ကုန်တက္ကသိုလ်နယ်မြေရှိ ပုဂံလမ်းသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်မှ တပ်မတော်သားများက ပြိုလဲသွားသော ပြန်လည်မရှင်သန်နိုင်သည့် သစ်ပင်များအား အပြီးသတ်ခုတ်ထွင် ရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ပုဂံလမ်းတစ်လျှောက်၌ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော တက္ကသိုလ် ဆရာ၊ ဆရာမများ၏ နေအိမ်များ ပြန်လည်ပြင်ဆင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် သထုံလမ်းနှင့် ပညာရေးတက္ကသိုလ်ဝင်းအတွင်း ပျက်စီးသွားသော အဆောက်အအုံများ ပြန်လည်ပြင်ဆင်ပြီးစီးမှုနှင့် ပြိုလဲသွားသော သစ်ပင်များ အပြီးသတ်ရှင်းလင်းပြီးစီးမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်(၁၀၇)ရပ်ကွက် ကေတုမတီလမ်း၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက အရှည်ပေ ၂၂၅၀၊ အကျယ် ၁၈ ပေရှိ ကတ္တရာလမ်းခင်းရန်အတွက် ကျောက်ကြမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် အမှတ် (၁၀၇)ရပ်ကွက် ငုဝါမြိုင်လမ်းသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် အဆိုပါလမ်း၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက အမှတ်(၁၀၇)၊ (၁၀၆)၊ (၁၀၅)၊ (၁၀၄)၊ (၇၀)နှင့် (၇၂)ရပ်ကွက်နေ ပြည်သူများအား သောက်သုံးရေ ဖြန့်ဝေရန်အတွက် တစ်တွင်းလျှင် တစ်နာရီ ရေဂါလန်တစ်သောင်း ထွက်ရှိသည့် ၁၀ လက်မ အဝီစိတွင်း ရှစ်တွင်းတူးဖော်ပြီးစီးမှု၊ ရေစစ်ကန်၊ သဲစစ်ကန်၊ ရေဂါလန် တစ်သိန်းဆံ့ ရေစုကန် နှစ်လုံးနှင့် ရေတွန်းစက်ရုံ အဆောက်အအုံများ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ယာယီရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ဒဂုံမြို့သစ် မြို့နယ်များအတွင်း ရေပိုက်လိုင်းဆက်သွယ်မှုနှင့်စပ်လျဉ်း၍လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးက ရေစက်အတွက် လျှပ်စစ်မီး ရယူသွယ်တန်းခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၃)ရပ်ကွက် သခင်ဖိုးလှကြီးလမ်းသို့ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ပြည်သူ့အကျိုးပြုလုပ်ငန်း ငမိုးရိပ် ဂျိုးဖြူ သောက်သုံးရေ သွယ်ယူခြင်းလုပ်ငန်းအတွက် ရေပိုက်လိုင်း တူးဖော်ခြင်းလုပ်ငန်းကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးက အရှည် ၉၄၃၇၅ ပေရှိ ရေပိုက်လိုင်း သွယ်တန်းမှုနှင့် ရေပေးဝေမည့် အိမ်ခြေတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တက္ကသိုလ်နယ်မြေရှိ သစ်ပင်များ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃-၆-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူ ကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၅။	အကပဒေသာ
၈း၁၅	၆။	ထိပ်ကျွန်းရေထိန်းတံခါး
၈း၃၀	၇။	International News.
၈း၄၅	၈။	နှောင်းခေတ်တေးပဒေသာ
၉း၀၀	၉။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၂၀	၃။	**“ကုသမနေ့ တီဘီဘေး” (သုမောင်၊ ရာဇာနေဝင်း၊ ညီကျော်၊ မတူး) (ဒါရိုက်တာ-ပန်းချီစိုးမိုး)**
၄း၅၀	၄။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၅	၅။	တေးဂီတအစီအစဉ်
၅း၂၀	၆။	ဆိုကြမယ်၊ပျော်ကြမယ်
၆း၀၀	၇။	ညနေခင်းသတင်း
၆း၁၀	၈။	မိုးလေဝသအခြေအနေ
၆း၁၅	၉။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၅၅	၁၀။	သုတစုံလင်ရွှေညာဏ်ရှင်
၇း၃၀	၁၁။	တေးဂီတအစီအစဉ်
၈း၀၀	၁၂။	ပြည်တွင်းသတင်း
	၁၃။	နိုင်ငံတကာသတင်းများ
	၁၄။	မိုးလေဝသအခြေအနေ
	၁၅။	**မြန်မာရုပ်ရှင် “ကောင်းကင်ထက်က ပန်းတစ်ပွင့်” (အပိုင်း-၂) (လူမင်း၊ထက်ထက်မိုးဦး၊ လှအဥ္စလီတင့်) (ဒါရိုက်တာ-ညွန့်မြန်မာ-ညီညီအောင်)**
	၁၆။	မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
	၁၇။	အစီအစဉ်ပြီး၏။

အင်ဒိုနီးရှားသမ္မတနိုင်ငံမှ ဆေးအကာအကွယ်ပေးရေးအဖွဲ့ဝင်များ ရောက်ရှိ

ရန်ကုန် ဇွန် ၂

မုန်တိုင်းဒဏ်ခံရသော ပြည်သူများအား ဆေးဝါးကာကွယ်မှုပေးရန် အင်ဒိုနီးရှားသမ္မတနိုင်ငံမှ Prof: Dr.Munar Lubis, SP.A ဦးဆောင်သော အဖွဲ့ဝင် ၃၀ ဦးပါဝင်သည့် ဆေးအကာအကွယ်ပေးရေး အဖွဲ့သည် ယနေ့ညနေ ၄ နာရီ ၃၅ မိနစ်တွင် ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိလာရာ ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံရုံး ယာယီတာဝန်ခံ Mr. Philemon Arobaya နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယနေ့ရောက်ရှိလာသော အင်ဒိုနီးရှားသမ္မတနိုင်ငံဆေးအကာအကွယ်ပေးရေးအဖွဲ့နှင့်အတူ ဆေးဝါးမျိုးစုံ၊ စောင်၊ မီးဖိုချောင်သုံးပစ္စည်းများ၊ အဝတ်လျှော်စက်၊ ရုံးသုံးပစ္စည်းများ၊ မီးစက်၊ ရေသန့်စင်စက် စုစုပေါင်း တန်ချိန်၁၀တန်ပါရှိပြီး ရန်ကုန်တိုင်း ကော့မှူးမြို့နယ်တွင် အခြေပြုကာ ဆေးကာကွယ်မှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လေဘေးသင့် ဘုန်းတော်ကြီးကျောင်းများအတွက် သွပ်များလှူဒါန်း

ရန်ကုန် ဇွန် ၂

ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း)နှင့် ဇနီး ဒေါ်ခင်ချိုဦး၊ သမီး Asian Fame Co., Ltd. အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်နန်းကလျာဝင်း မိသားစုတို့က လေဘေးသင့် ဘုန်းတော်ကြီးကျောင်းများအတွက် သွပ်အချပ် ၅၀၀ ကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံး (ရန်ကုန်ရုံးခွဲ) ဧည့်ခန်းမ၌ လာရောက်ပေးအပ်လှူဒါန်းရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)



မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ် စုံညီအစည်းအဝေးကျင်းပ

ရန်ကုန်　ဇွန်　၂

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်၏ (၁၃)ကြိမ်မြောက် နှစ်ပတ်လည်စုံညီ အစည်းအဝေးကို မေ ၃၁ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ အဆိုပါ ဘဏ်ရုံးချုပ်ခန်းမ၌ကျင်းပရာ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဘဏ်များအသင်းဝင်များ၊ ဘဏ်အစုရှယ်ယာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိ ဝန်ကြီး ဗိုလ်ချုပ်စောလွင်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုအရ ဖွဲ့စည်းတည်ထောင်ခဲ့သည့် မြန်မာ့ စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်သည် တည်ငြိမ်ခိုင်မာမှုရှိသည့် ဘဏ်တစ်ခုဖြစ်ပြီး ဒါရိုက်တာအဖွဲ့နှင့် ဘဏ်ဝန်ထမ်းများ တက်ညီလက်ညီ အားသွန်ခွန်စိုက် ပေါင်းစည်းကြိုးပမ်းနိုင်သည်နှင့်အမျှ ဘဏ်လုပ်ငန်းများ အဘက်ဘက်မှ အရှိန်အဟုန်ဖြင့် ဆက်လက် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ယခုနှစ်၌ အစုရှယ်ယာရှင်များအတွက် ၁၉ ရာခိုင်နှုန်းနှင့် ညီမျှသော အကျိုးအမြတ်ငွေကို ထုတ်ပေးနိုင်ခဲ့သလို နောင်နှစ်များတွင်လည်း တစ်နှစ်ထက်တစ်နှစ် ရှယ်ယာ အကျိုးအမြတ်ငွေများကို ပိုမိုတိုးမြှင့်ပေးသွားနိုင်ရန် မိမိတို့ ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ဘဏ် ဒါရိုက်တာ အဖွဲ့ဝင်များနှင့် ဘဏ်ဝန်ထမ်းများသည် ရရှိထားသည့် အခြေခံကောင်းများ၊ ရလဒ်ကောင်းများကို အကျိုးရှိရှိ ထိုက်တန်စွာ အသုံးချပြီး မိမိဘဏ် ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံး ဟန်ချက်ညီညီ တိုးတက်စည်ပင်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

အတည်ပြုချက်

ထို့နောက် ဒါရိုက်တာအဖွဲ့ အတွင်းရေးမှူး မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိမ်းအောင်က မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ် ဒါရိုက်တာအဖွဲ့၏ ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ် နှစ်ပတ်လည် လုပ်ငန်းအစီရင်ခံစာကိုလည်းကောင်း၊ စာရင်းစစ်အဖွဲ့ဝင် ဦးမောင်မောင်အောင်က ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်အတွက် ဘဏ္ဍာရေးစာရင်းရှင်းတမ်းနှင့် စာရင်းစစ် အစီရင်ခံစာကိုလည်းကောင်း အသီးသီးဖတ်ကြားတင်သွင်းပြီး အတည်ပြုချက်ကို ရယူကြသည်။

အမှာစကားပြောကြား

ထို့နောက် ဒါရိုက်တာ အဖွဲ့ဝင်ဟောင်းများနုတ်ထွက်ကြပြီး ၂၀၀၈-၂၀၀၉ ဘဏ္ဍာ နှစ်အတွက် ဒါရိုက်တာအဖွဲ့ဝင်သစ်များကို ရွေးချယ်တင်မြှောက်ကြသည်။

ထို့နောက် သဘာပတိ ဝန်ကြီး ဗိုလ်ချုပ်စောလွင်က နိဂုံးချုပ်အမှာ စကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ထုတ်ပေးမည်

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်၏ ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်အတွက် အစုရှယ်ယာများအပေါ် အမြတ်ငွေများကို ဇွန် ၂ ရက်မှ စတင်၍ အဆိုပါဘဏ်၌ ထုတ်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်း အသီးသီးရှိ စေတနာရှင်အလှူရှင်များက ငွေနှင့်ပစ္စည်းများ ဆက်လက်လှူဒါန်း

နေပြည်တော်　ဇွန်　၂

မုန်တိုင်းသင့်ပြည်သူများအတွက်ပြည်နယ်နှင့်တိုင်းအသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ တပ်မတော်သားမိသားစုများနှင့် စေတနာရှင်ပြည်သူများက အမျိုးသားရေးစိတ်ဓာတ်အရင်းခံဖြင့် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ဆက်လက် ပေးပို့လှူဒါန်းလျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ စေတနာရှင်ပြည်သူများက ငွေကျပ် ၁၈ သိန်းတန်ဖိုးရှိ ပလတ်စတစ်မိုးကာတဲများ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) မှ စေတနာရှင်ပြည်သူများက ငွေကျပ် ၁၃၈၄၆၀၀ တန်ဖိုးရှိ ငွေနှင့်ထောက်ပံ့ရေးပစ္စည်းများ၊ တနင်္သာရီတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ် ၁၆၈၇၆၂၀ တန်ဖိုးရှိ အိမ်ဆောက်ပစ္စည်းနှင့် အဝတ်အထည်မျိုးစုံ၊ မန္တလေးတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ် ၁၈၁၂၀၀၀၀ တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းမျိုးစုံနှင့် အဝတ်အထည်မျိုးစုံ၊ ပဲခူးတိုင်းမှ စေတနာရှင်ပြည်သူများနှင့် တပ်မတော်သားမိသားစုများက ငွေကျပ် ၄၁၇၇၀၀၀၀ တန်ဖိုးရှိ ဝါးအလုံး ၂၂၈၁၀၀ကိုပေးအပ်လှူဒါန်းကြပြီး ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီသို့ လာရောက်လှူဒါန်း ငွေကျပ် ၂၅၉၅၁၀၀၀၀ အပါအဝင် စေတနာရှင်ပြည်သူများ၏ ယနေ့လှူဒါန်းသည့် ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်း တန်ဖိုးမှာ ငွေကျပ် ၃၂၄၂၇၂၂၂၀ ဖြစ်ပြီး ဇွန် ၂ ရက်အထိ လှူဒါန်းသည့်ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၁၁၀၂၁၅၄၄၄၁၄ ရှိပြီဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန်　ဇွန်　၂

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့ လျက်ရှိကြရာ အမေရိကန်ပြည်ထောင်စုမှ ခြင်ထောင်များ၊ ဆပ်ပြာများ၊ ဒန်အိုးများ၊ ပန်းကန်လုံးများ၊ သွားတိုက်ဆေးများ၊ ခြင်ဆေးခွေများ၊ ရေအိုးများ၊ မတ်ခွက်များ၊ စောင်များ၊ ရေသန့်စက်နှင့် ဆက်စပ်ပစ္စည်းများ စုစုပေါင်း ၂၈ ဒသမ ၁၂ တန်သည် C-130 လေယာဉ်လေးစင်းဖြင့် ယနေ့နံနက် ၉နာရီ ၂မိနစ်၊ နံနက် ၁၀နာရီ၊ နံနက် ၁၁နာရီနှင့် နံနက် ၁၁နာရီ ၅၆မိနစ်တို့တွင်လည်းကောင်း၊ ထိုင်းနိုင်ငံအခြေစိုက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)မှ လှူဒါန်းသော မိသားစုသုံးပစ္စည်းများ၊ ခေါင်းအုံးများ၊ တာပေါ်လင်များ စုစုပေါင်း ၅၀ ဒသမ ၀၆၆ တန်သည် AN-12 လေယာဉ်နှင့် IL-76 လေယာဉ်သုံးစင်းဖြင့် နံနက် ၁၁နာရီ ၃၅မိနစ်၊ ညနေ ၃နာရီ ၄မိနစ်၊ ညနေ ၄နာရီ ၄၈မိနစ် တို့တွင် လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုရှိ World Concern အဖွဲ့မှ လှူဒါန်းသော ရေသန့်စက်နှင့် ဆက်စပ်ပစ္စည်းများ စုစုပေါင်း ၇ ဒသမ ၈၆ တန်သည် C-130 လေယာဉ်ဖြင့် မွန်းလွဲ ၁၂နာရီ ၅၃မိနစ်တွင်လည်းကောင်း၊ ဗြိတိန်နိုင်ငံရှိ NGO အဖွဲ့အစည်းတစ်ခုဖြစ်သော DFID မှ လှူဒါန်းသည့် စောင်နှင့် ပလတ်စတစ်များ စုစုပေါင်း ၃၂ ဒသမ ၁၃၂ တန်သည် A-310 လေယာဉ်ဖြင့်လည်းကောင်း၊ ဗြိတိန်နိုင်ငံရှိ Relief Supplies Co., Ltd. မှ လှူဒါန်းသော ပလတ်စတစ်များ ၃၇ဒသမ၆၁၀ တန်သည် A-300 လေယာဉ်ဖြင့် ညနေ ၄နာရီခွဲတွင်လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာကြသည်။

အလားတူ ထိုင်းနိုင်ငံ အခြေစိုက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)မှ လှူဒါန်းသော ခြင်ထောင်များ စုစုပေါင်း ၁၄ တန်သည် AN-12 လေယာဉ်ဖြင့် ဇွန် ၁ရက် ည ၈နာရီ ၁၆မိနစ်တွင်လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည်။

မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ပြည်ပနိုင်ငံများမှ စေတနာရှင်များ လှူဒါန်းသည့်ပစ္စည်းများသည် လေယာဉ်များဖြင့် အဆက်မပြတ်ရောက်ရှိလျက်ရှိရာ ထိုရောက်ရှိလာသောပစ္စည်းများကို လေဆိပ်တွင် ပစ္စည်းလက်ခံရယူရေးအဖွဲ့က စနစ်တကျလက်ခံရယူပြီး နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မုန်တိုင်းဒဏ်ခံရသောဒေသများသို့ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များ၊ ရေယာဉ်များဖြင့် ချက်ချင်းဖြန့်ဝေ ပေးပို့လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ဧရာဝတီတိုင်း မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရုံးခန်း၌ ဇွန် ၁ ရက်က မြောင်းမြမြို့ မြန်မာမွတ်ဆလင် လူမှုကူညီရေး အကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဟာဂျီ ဦးမြဝင်းနှင့် အလုပ်အမှုဆောင်အဖွဲ့က လေဘေးသင့် မိဘမဲ့ကလေးများအတွက် ဆန်အိတ်၅၀ ပေးအပ်လှူဒါန်းရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးဟန် လက်ခံရယူစဉ်။

(က-ပ)

သိထားရမည့် အင်္ဂလိပ်စာ စကားလုံးတွဲများ စာအုပ်ထုတ်ဝေ

ရန်ကုန် ဇွန် ၂

နယူးလိုက်အော့ဖ်မြန်မာစာတည်းမှူးချုပ် (ငြိမ်း) ဦးမောင်မောင်အေး ပြုစုသည့် သိထားရမည့် အင်္ဂလိပ်စာ စကားလုံးတွဲများစာအုပ် **(ယာပုံ)** ကို ထုတ်ဝေကြောင်းသိရှိရသည်။

အင်္ဂလိပ်စကားလုံးတွဲများ သိရှိဖို့ အရေးကြီးလာသောကြောင့် ကင်းဘရစ်ကဲ့သို့သော နာမည်ကျော် တက္ကသိုလ်များ၌သာမက အင်္ဂလိပ်စာ အထူးပြုသင်တန်းများ၌ပါ တွဲလုံးများနှင့် ပတ်သက်သည့် ဗဟုသုတကို စစ်ဆေးနေပြီဖြစ်သဖြင့် ဤစာအုပ်ကို ဒုတိယအကြိမ် တည်းဖြတ်ထုတ်ဝေခြင်းဖြစ်ကြောင်း သိရသည်။

တစ်အုပ် လက်လီဈေးမှာ ကျပ် ၃၀၀၀ ဖြစ်ပြီး ယူနတီစာပေ ဖုန်း- ၀၉-၅၁၃၀၉၇၇ က ထုတ်ဝေသည်။

(သတင်းစဉ်)

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

မြန်မာနိုင်ငံနှင့်အနီးပတ်ဝန်းကျင်နိုင်ငံများအတွက် မိုးလေဝသအခြေအနေပြမြေပုံ



ရန်ကုန်　ဇွန်　၂

ယနေ့ နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကော့သောင်းမြို့တွင် ၂ဒသမ၄၈လက်မ၊ ဂွမြို့တွင် ၁ဒသမ၉၈လက်မ၊ သထုံမြို့တွင် ၁ဒသမ၁၄လက်မ၊ မော်လမြိုင်မြို့နှင့် ရန်ကုန်မြို့လယ်တွင် ၀ဒသမ၉၈လက်မစီနှင့် မြစ်ကြီးနားမြို့တွင် ၀ဒသမ၇၈လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

ဇွန် ၃ ရက်နေ့အထိ ခန့်မှန်းချက် ။ ။ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်	(၃၄ဒသမ၅)ဒီဂရီစင်တီဂရိတ် (၉၄)ဒီဂရီဖာရင်ဟိုက်	၁-၆-၂၀၀၈
အနိမ့်ဆုံးအပူချိန်	(၂၃ဒသမ၅)ဒီဂရီစင်တီဂရိတ် (၇၄)ဒီဂရီဖာရင်ဟိုက်	၂-၆-၂၀၀၈
၀၉း၃၀နာရီအချိန်	စိုထိုင်းဆ ၈၈ ရာခိုင်နှုန်း	၂-၆-၂၀၀၈
နေပူသည့် နာရီပေါင်း	၃ဒသမ၈ နာရီခန့်	၁-၆-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂-၆-၂၀၀၈	Tr	မရှိပါ	၂၅မမ(၀ဒသမ၉၈ လက်မ)

၁-၁-၂၀၀၈ မှ ယနေ့ထိ ၇၃၈မမ(၂၉ဒသမ၀၆လက်မ) ၈၆၄မမ ၃၄ဒသမ၀၂ လက်မ ၁၀၇၁ မမ(၄၂ဒသမ၁၆လက်မ)

ရန်ကုန် (ကမ္ဘာအေး) ၏ အများဆုံး လေတိုက်နှုန်းမှာ (၁-၆-၂၀၀၈)ရက် (၁၃း၃၀)နာရီအချိန်တွင် အရှေ့တောင်ဘက်မှ တစ်နာရီ ခြောက်မိုင်နှုန်း တိုက်ခတ်သည်။

ဥတုရာသီ တောကိုမှီ၏

နီပေါနိုင်ငံဘက်မှ ဧဝရက်တောင်သို့ ၂၅၇ဦးတက်နိုင်ခဲ့

ခတ္တမန္ဒူ ဇွန် ၂

ယခုနှစ်အတွင်းနီပေါနိုင်ငံဘက်မှ ဧဝရက်တောင်ထိပ်သို့ တောင်တက်သမား ၂၅၇ဦး တက်ရောက်နိုင်ခဲ့ခြင်းနှင့် အတူ တောင်တက်ရာသီကာလသည် စနေနေ့တွင် ကုန်ဆုံးခဲ့ပြီဖြစ်သည်။

မှတ်တမ်းသစ်တင်နိုင်

နီပေါယဉ်ကျေးမှု၊ ခရီးသွားနှင့် မြို့ပြ လေကြောင်းပျံသန်းရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်ကို ကိုးကား၍ သည်ဟိမလာယန်တိုင်း(စ်)သတင်းစာက စနေနေ့က ပြီးဆုံးသော တောင်တက် ရာသီတွင်မှတ်တမ်းအသစ်များ တင်နိုင်ခဲ့သည်ဟု ရေးသားသည်။

မှတ်တမ်းဝင်

နန်ဂျီးလ်ရှားပါက မေ ၂၀ရက်တွင် အမြင့်ဆုံးတောင်ထိပ်ကို တိုင်းတာနိုင်ခဲ့သည်။ယခုနှစ်အတွက် ပထမဆုံး ဧဝရက်တောင်ထိပ်ကို တိုင်းတာသူအဖြစ် မှတ်တမ်းဝင်သွားသည်။

မေ ၂၃ရက်တွင် တောင်ထိပ်သို့ ၇၆ဦး တက်ရောက်နိုင်ခဲ့သည်။

စနေနေ့က ခတ္တမန္ဒူမြို့တော်သို့ ပြန်လည်ရောက်ရှိလာသော အသက် (၇၇)နှစ်ရှိ မင်းဗဟာဒူးရှားချန်သည် ယခုအချိန်အထိ အသက်အကြီးဆုံး ဧဝရက် တောင်တက်သမားအဖြစ် မှတ်တမ်းတင်ထားသည်။

သမိုင်းဝင်

ပထမဆုံး အမျိုးသမီးသီးသန့် ဘာဂါမာတာ သိပ္ပံဆိုင်ရာ လေ့လာစူးစမ်းရေးအဖွဲ့သည်လည်း ဧဝရက်တောင်ထိပ်၏အမြင့် တိုင်းတာသူများအဖြစ် ယခုနှစ်တွင် သမိုင်းဝင်သွားခဲ့သည်။ ၎င်းအဖွဲ့မှ ရှိုင်းလီဆတ်(ခ်)နက် ဟုခေါ်သော အမျိုးသမီးသည် ဧဝရက်တောင်ထိပ်သို့ အောင်မြင်စွာတက်ရောက်ခဲ့သော ပထမဆုံး နီပေါအမျိုးသမီး သတင်းစာဆရာမတစ်ဦးအဖြစ်မှတ်တမ်းတင်နိုင်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဟွန်ဒူးရပ်စ်နိုင်ငံ တီဂူစီဂယ်ပါမြို့ အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းသို့ ဆင်းသက်စဉ်ပြေးလမ်းချော်သွားသော တာကာလေကြောင်းလိုင်းပိုင် လေယာဉ်တစ်စင်းကို မေ ၃၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကာဇက်စတန်ရှိ အမေရိကန်လေတပ် အခြေစိုက်စခန်းမှ အမေရိကန်နိုင်ငံသားတစ်ဦးကို အခန်းမီးရှို့မှုဖြင့် ဖမ်းဆီး

ဘစ်ခက်စ် ဇွန် ၁

အာရှတိုက်အလယ်ပိုင်း ကာဇက်စတန်နိုင်ငံတွင် သောကြာနေ့က အမေရိကန်နိုင်ငံ သားတစ်ဦးကို ဖမ်းဆီးခဲ့သည်။ ၎င်းသည် အမေရိကန်လေတပ် အခြေစိုက်စခန်း၌ အလုပ်လုပ်နေသူဖြစ်ကြောင်း ၎င်းငှားရမ်းထားသော အခန်းကို မီးရှို့ရန် ကြိုးစည်မှုဖြင့် ဖမ်းဆီးခဲ့ရကြောင်း ၎င်း၏ ရှေ့နေက ပြောကြားသည်။

အမေရိကန် မာနက်စ် လေတပ် အခြေစိုက်စခန်းမှ အလုပ်သမားဖြစ်သည့် မက်စ်ချွန်လာမာနီသည် ယခုဖြစ်ရပ်ကို ငြင်းဆိုကြောင်း ရှေ့နေက ပြောကြားသည်။ ၎င်းကို ဖမ်းရသည့် အကြောင်းရင်းကို မသိကြောင်း၊၎င်းတွင်အပြစ်ရှိကြောင်း တရားရုံးက သက်သေပြနိုင်လျှင် လျော်ကြေးပေးရန် အသင့်ရှိကြောင်း ရှေ့နေ နီယာဇိုတိုမာက ပြောကြားသည်။ အခန်းပိုင်ရှင်ကလည်း ပျက်စီးမှုများအတွက် လျော်ကြေးဒေါ်လာ ၅၀၀၀၀ တောင်းရန် ပြင်ဆင်လျက်ရှိကြောင်း တိုမာက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ အနီး၌ ထောက်ပံ့ရေးလုပ်ငန်းများလုပ်ဆောင်ရန် အမေရိကန် စစ်စခန်းကို ၂၀၀၁ ခုနှစ်ကတည်းက တည်ဆောက်ထားသည်။ ရုရှားစစ်ဘက်လေကြောင်း အခြေစိုက်စခန်းကိုလည်း ယခင် ကာဇက်စတန် အစိုးရက လက်ခံခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ဟွန်ဒူးရပ်စ်၌ လေယာဉ် ဆင်းသက်စဉ် ပြေးလမ်းချော်

တီဂူစီဂယ်ပါ ဇွန် ၁

ဟွန်ဒူးရပ်စ်နိုင်ငံ တီဂူစီဂယ်ပါ လေဆိပ်၌ မေ ၃၀ ရက်က ခရီးသည်တင်လေယာဉ် တစ်စင်းဆင်းသက်စဉ် ဘီးချော်မှုဖြစ်ပွားခဲ့ကြောင်း လေဆိပ်တာဝန်ရှိသူက ပြောကြားသည်။ ယင်းသို့ ဖြစ်ပွားမှုကြောင့် သေဆုံးသူ မည်မျှရှိသည်ကို ဖော်ပြခြင်း မရှိချေ။

ယင်းလေယာဉ်တွင် ခရီးသည် ၁၄၂ ဦးပါရှိပြီး အယ်လ်ဆာဗေဒိုမှ ရောက်ရှိလာခြင်းဖြစ်ကြောင်း တာကာလေကြောင်းလိုင်း အုပ်ချုပ်သူက ဟွန်ဒူးရပ်စ်ရုပ်မြင်သံကြားသို့ ပြောကြားသည်။ ယင်းသို့ ဖြစ်ပွားခြင်းကြောင့် သေဆုံးသူ မရှိကြောင်း၊ ဒဏ်ရာရရှိသူများကို ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။ ဟွန်ဒူးရပ်စ် ရေဒီယိုက မတော်တဆဖြစ်ပွား မှုတွင် မြေပြင်၌ လူတစ်ဦးသေဆုံးသည်ဟုဆို၏။

အမ်အင်အေ၊ ရိုက်တာ။

ဆော်ဒီအာရေဗျ ရေနံတိုးထုတ်မည်

ဒူဘိုင်း ဇွန် ၁

ရေနံအများဆုံး တင်ပို့ရောင်းချသည့် ဆော်ဒီအာရေဗျနိုင်ငံသည် ကမ္ဘာ့စက်သုံးဆီ လိုအပ်မှုကို ထောက်ပံ့ဖြည့်ဆည်းပေးသည့်အနေဖြင့် ရေနံများ တိုးမြှင့်ထုတ်လုပ်ပေးသွားမည်ဖြစ်ကြောင်း ပင်လယ်ကွေ့ဒေသ ရေနံတင်ပို့ရောင်းချသော နိုင်ငံများအဖွဲ့မှ အထက်တန်းတာဝန်ရှိသူက မေ ၂၈ ရက်တွင် ပြောကြားသည်။ ရေနံထုတ်လုပ်ရေး ရည်မှန်းထားချက်များ ပြည့်မီနိုင်ရေးထက် ကမ္ဘာ့ရေနံ လိုအပ်မှုကို ဖြည့်ဆည်းပေးနိုင်ရန် အိုပက်အဖွဲ့ဝင် ၁၃ နိုင်ငံက ထုတ်လုပ်ပေးလျက်ရှိကြောင်း အဆိုပါ သတင်းရပ်ကွက်က ဖော်ပြသည်။

ကမ္ဘာ့ဈေးကွက်တွင် လိုအပ်မှုရှိတိုင်း အချိန်မရွေး အိုပက်အဖွဲ့က ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ရေနံဈေးနှုန်းမြင့်တက်နေမှုကို အိုပက်ရေနံထုတ်လုပ်ရေးအဖွဲ့များက လိုလားမှု မရှိကြောင်း၊ ရေနံဈေးတက်မှုကြောင့် ကမ္ဘာ့စီးပွားရေးကို ထိခိုက်နိုင်ပြီး နိုင်ငံ များအတွက် အကျိုးဖြစ်ထွန်းမည် မဟုတ်ကြောင်း၊ အထူးသဖြင့် ကမ္ဘာ့ဖွံ့ဖြိုးဆဲ နိုင်ငံများကို ထိခိုက်နစ်နာစေကြောင်း ၎င်းက ပြောကြားသည်။ လွန်ခဲ့သော ရက်သတ္တပတ်က အမေရိကန်နိုင်ငံတွင် ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၃၅ ဒေါ်လာ အထက်အထိ ရောက်ရှိခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ။

ပြင်သစ်နိုင်ငံ လော်ရီချိုင့်ဝှမ်းရှိ ချီနွန်စီယူရဲတိုက်တွင် စုပေါင်းမင်္ဂလာပွဲ ကျင်းပကြသော တရုတ်အမျိုးသားလူငယ်ဇနီးမောင်နှံ စုံတွဲများကို မေ ၃၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗြိတိန်မှ စစ်ရဟတ်ယာဉ်ပျက်ကျ၊ နှစ်ဦးသေဆုံး

လန်ဒန် ဇွန် ၁

ဗြိတိန် ကြည်းတပ်လေ့ကျင့်ရေး ရဟတ်ယာဉ်တစ်စင်းသည် အင်္ဂလန် အနောက်တောင်ပိုင်းတွင် ကြာသပတေးနေ့က ပျက်ကျခဲ့ရာ လိုက်ပါလာသော တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကြောင်း ဗြိတိန် ကာကွယ်ရေးဝန်ကြီးဌာနက အတည်ပြုသည်။

ဓာတ်အားပြတ်

စကိုင်းသတင်းဌာန၏ သတင်းအရ ပျက်မကျမီအချိန်တွင် ရဟတ်ယာဉ် နှစ်စင်းသည် လျှပ်စစ်ဓာတ်အားလိုင်းများ အနီးတွင် နီးကပ်စွာ ပျံသန်းနေခဲ့ကြောင်း၊ ယင်းကဲ့သို့ ပျက်ကျခြင်းကြောင့် လျှပ်စစ်ဓာတ်အားပြတ်တောက်သွား ပြီး အိမ် ၁၂၀၀၀ လျှပ်စစ်ဓာတ်အား မရရှိဘဲ ဖြစ်သွားကြောင်း သိရသည်။

တပ်ဖွဲ့ဝင်တစ်ဦးမှာ အခင်းဖြစ်ရာ နေရာ၌ပင် သေဆုံးပြီး ကျန်တစ်ဦးမှာ ဆေးရုံသို့ တင်ပို့ပြီးနောက် သေဆုံးသွားကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်တွင် ထိပ်တန်းသူပုန်ခေါင်းဆောင် သေဆုံး

ကဘူး ဇွန် ၁

အာဖဂန်နစ္စတန်အရှေ့ပိုင်း ကိုဂါပြည်နယ်တွင် အာဖဂန်နစ္စတန်တပ်ဖွဲ့က စစ်ဆင်ရေး ဆောင်ရွက်နေစဉ် အကြီးတန်း သူပုန်ခေါင်း ဆောင် မော်လဝီ အဒူလ်မာလစ် သေဆုံးသွားပြီဖြစ်ကြောင်း နေတိုးဦးဆောင်သော တပ်ဖွဲ့က သောကြာနေ့တွင် ပြောကြားသည်။

နေတိုးဦးဆောင်သော နိုင်ငံတကာလုံခြုံရေး အကူအညီပေးရေးတပ်ဖွဲ့ (အိုင်အက်စ်အေအဖ်) ၏ ကြေညာချက်တွင် ဗုံးလုပ်သော အဖွဲ့ခွဲငယ်များကို ဖြိုခွင်းရန်အတွက် မေ ၂၇ ရက်တွင် အဆိုပါ စစ်ဆင်ရေးကို စတင်ခဲ့ကြောင်း ဖော်ပြထားသည်။

ထိုလက်နက်ကိုင်တပ်ဖွဲ့သည် အမျိုးသမီးကျောင်းနှစ်ကျောင်းကို မီးရှို့ခြင်းနှင့် ဆက်နွယ်လျက်ရှိသည့်အပြင် အင်္ဂလိပ်စာနှင့် ကွန်ပျူတာသင်တန်းများ တက်နေသူတို့ကိုလည်း ခြိမ်းခြောက်လျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဝမ်းပျက်၊ ဝမ်းလျှောနှင့် ဝမ်းကိုက်ရောဂါကြောင့် နီပေါအလယ်ပိုင်း၌ ကလေးငယ် ၁၃ ဦး သေဆုံး

ခတ္တမန္ဒူ ဇွန် ၁

နီပေါနိုင်ငံအလယ်ပိုင်း မက်ခ်ဝန်ပါဒေသတွင်ရေဆိုးထုတ်သည့်စနစ်မရှိခြင်းကြောင့် ရက်သတ္တပတ်နှစ်ပတ်အတွင်း ဝမ်းပျက်၊ ဝမ်းလျှောခြင်းနှင့် ဝမ်းကိုက်ရောဂါတို့ကြောင့် ကလေးငယ် ၁၃ ဦးထက်မနည်း သေဆုံးကြောင်း အမျိုးသားသတင်းဌာန အာရ်အက်စ်အက်စ်က စနေနေ့တွင် သတင်းထုတ်ပြန်သည်။

ခတ္တမန္ဒူမြို့တောင်ပိုင်း ကီလိုမီတာ ၃၀ အကွာဝေးလံသီခေါင်သည့် ဘာတာရွာရှိ ကလေးငယ်များတွင် ထိုရောဂါများဖြစ်ပွားနေကြောင်း အာရ်အက်စ်အက်စ်က ဖော်ပြသည်။ အစားအသောက် ဂရုမစိုက်ခြင်းနှင့် ရေဆိုးထုတ်သည့်စနစ်မရှိခြင်းတို့ကြောင့် ရောဂါများဖြစ်လာရကြောင်း ပြည်သူ့ကျန်းမာရေးရုံးမှ ကျန်းမာရေးဝန်ထမ်းတစ်ဦးက ပြောကြားသည်။

ပြည်သူ့ကျန်းမာရေးဆေးရုံက အဆိုပါ နွမ်းပါးသောရွာသို့ လိုအပ်သည့် ဆေးဝါးများကို ပေးပို့လျက်ရှိသည်။ ရေဆိုးစနစ်ကို အစိုးရမဟုတ်သော အဖွဲ့အစည်းများက ဆောင်ရွက်ပေးလျက်ရှိသော်လည်း မက်ခ်ဝန်ပါဒေသတွင် ကျန်းမာရေးကဏ္ဍများအဖြစ် ရေဆိုးစနစ်ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးခြင်း မရှိကြောင်း ဒေသခံများက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- **မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။**
- **မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။**

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

မကြုံစဖူးကြီးမားသော သဘာဝဘေးအန္တရာယ်ကို ကြုံတွေ့ခဲ့ရပြီးနောက်
ကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အချိန်တိုအတွင်း ဆောင်ရွက်နိုင်ခဲ့
နိုင်ငံတော်တာဝန်ရှိသူများ၊ ပြည်သူများ၊ တိုင်းရင်းသားလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ခဲ့၍ဖြစ်

နေပြည်တော် ဇွန် ၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဇွန် ၁ ရက် ညနေ ၃ နာရီခွဲတွင် ပုသိမ်မြို့ မြရောအစည်းအဝေးခန်းမ၌ နံနက်ပိုင်းက လှည့်လည်ကြည့်ရှုခဲ့သည့် ကျိုက်လတ်နှင့် ဖျာပုံဒေသများ၏ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်းပြီး ဒေသတာဝန်ခံ ဝန်ကြီး၊ ဒေသတွင်း ကူညီဆောင်ရွက်နေသည့် တိုင်းရင်းသားလုပ်ငန်းရှင်များ အပါအဝင် တာဝန်ရှိသူများအား တွေ့ဆုံမှာကြားသည်။

ယင်းသို့ တွေ့ဆုံမှာကြားရာတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက နာဂစ်မုန်တိုင်းကျရောက်ခဲ့ပြီးနောက် လေဘေးသင့်ဒေသများတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့သလို နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင်နှင့် နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များသည်လည်း လေဘေးသင့်ဒေသ ကျေးရွာများအထိ သွားရောက်၍ လုပ်ငန်းများကြည့်ရှုသုံးသပ်ကာ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

စာမျက်နှာ ၉ ကော်လံ ၁ သို့ *

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ပုသိမ်မြို့ မြရော အစည်းအဝေးခန်းမ၌ ကျိုက်လတ်နှင့် ဖျာပုံဒေသများ၏ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်းပြီး ဒေသတာဝန်ခံ ဝန်ကြီး၊ ဒေသတွင်း ကူညီဆောင်ရွက်နေသည့် တိုင်းရင်းသားလုပ်ငန်းရှင်များ အပါအဝင် တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (အပေါ်ပုံ)

(သတင်းစဉ်)

၂၀၀၈ ခုနှစ် အခြေခံဥပဒေဟာ မဲပေးခွင့်ရှိတဲ့ ပြည်သူလူထု ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းရဲ့ Mandate နဲ့ အတည်ဖြစ်သွားပြီ

"အခြေခံဥပဒေ အတည်ပြုတယ်ဆိုတာ နိုင်ငံတစ်ခုရဲ့ အချုပ်အခြာအာဏာပိုင်ခွင့်ဖြစ်တဲ့ ကိုယ်ပိုင်စီရင်ပိုင်ခွင့် Jurisdiction အောက်မှာ ကျရောက်နေတဲ့ ကိစ္စတစ်ခုသာဖြစ်ပါတယ်။ ဘယ်ပြည်ပအဖွဲ့အစည်း၊ နိုင်ငံတွေကမှ ဝင်ရောက်စွက်ဖက်ခွင့် မရှိပါဘူး"

"၂၀၀၈ ခုနှစ် အခြေခံဥပဒေဟာ မဲပေးခွင့်ရှိတဲ့ ပြည်သူလူထု ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းရဲ့ Mandate နဲ့ အတည်ဖြစ်သွားပြီဆိုတာ လက်တွေ့ ပကတိအခြေအနေအရရော၊ နိုင်ငံတကာနဲ့ ပြည်တွင်းဥပဒေတွေအရရော ငြင်းမရအောင် ထင်ရှားနေပြီဖြစ်ပါတယ်"

စည်သူအောင်၏ "အခြေခံဥပဒေသည်သာ ပြည်သူတစ်ရပ်လုံး၏ **Mandate** အစစ်" (ဆောင်းပါး) စာမျက်နှာ-၆